# စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေနှင့်စပ်လျဉ်းသောအချက်များ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်


## အကျဉ်းချုပ်

ဤစာတမ်းတိုတွင် မူပိုင်ခွင့်ကိုအဓိကထား၍စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ မူပိုင်ခွင့်နှင့်ပတ်သက်၍ မူပိုင်ခွင့်ဥပဒေကြမ်းအမျိုးအစား(၄)မျိုးရှိကြောင်းသိရပြီး ယခုဆွေးနွေးတင်ပြမည့် မူပိုင်ခွင့်အကြောင်းသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းပါမူပိုင်ခွင့်ကိုသာ အဓိကထား၍ ဆွေးနွေးထားခြင်းဖြစ်ပါသည်။ ဤစာတမ်းတို၌ ဥပဒေကြမ်းတွင်ပါဝင်သော အချက်အလက်တစ်ချို့ကိုရေးသားထားပြီးနောက် အရှေ့တောင်အာရှနိုင်ငံအချို့၌ကျင့်သုံးနေသော မူပိုင်ခွင့်အကြောင်းအရာကို အကျဉ်းမျှစုစည်းဖော်ပြပေးထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတွင် လက်ရှိကျင့်သုံးလျက်ရှိသော မူပိုင်ခွင့်အကြောင်းအရာအကျဉ်းချုပ်များကိုလည်း တင်ပြထားပါသည်။ ထို့အပြင်ဥပဒေကြမ်းအပေါ် ပညာရှင်များ၏ဆွေးနွေးအကြံပြုချက်များနှင့် မူပိုင်ခွင့်နှင့်ပတ်သက်၍ မီဒီယာအချို့၏ထင်မြင်ချက်များကိုပါ စုစည်းဖော်ပြထားပါသည်။



ပြုစုရေးသားသူ

**ဒေါ်ခင်ကြည်ထွန်း**


သုတေသနစာတမ်းတိုအမှတ် (၂၆)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အကျဉ်းချုပ် | ၁ |
| ၂။ | မာတိကာ | ၂ |
| ၃။ | နိဒါန်း | ၃ |
| ၄။ | မူပိုင်ခွင့်၏အဓိပ္ပာယ်ဖွင့်ဆိုချက် | ၃ |
| ၅။ | မူပိုင်ခွင့်ပေါ်ပေါက်လာခြင်း | ၄ |
| ၆။ | The World Intellectual Property Organization (WIPO) | ၄ |
| ၇။ | မြန်မာနိုင်ငံနှင့်မူပိုင်ခွင့် | ၅ |
| ၈။ | The Burma Copy Right Act (India Act III,1914), (24th February 1914) | ၅ |
| ၉။ | စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း(၂၀၁၇)တွင်ပါဝင်သော စီးပွားရေးဆိုင်ရာ အခွင့်အရေး၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးများနှင့် အခြားအကြောင်းအရာများအား အကျဉ်းချုပ်ကောက်နုတ်ဖော်ပြချက် | ၆ |
| ၁၀။ | ၁၉၁၄ခုနှစ်၊The Burma Copy Right Act တွင်ဖော်ပြထားသောပြစ်ဒဏ် | ၁၀ |
| ၁၁။ | ဥပဒေကြမ်းတွင်ပါရှိသောပြစ်မှုနှင့်ပြစ်ဒဏ် | ၁၁ |
| ၁၂။ | အရှေ့တောင်အာရှနိုင်ငံအချို့၏မူပိုင်ခွင့်ဆိုင်ရာဥပဒေများ | ၁၂ |
| ၁၃။ | အရှေ့တောင်အာရှနိုင်ငံ (၅)နိုင်ငံတို့၏မူပိုင်ခွင့်နှင့်ပတ်သက်၍ပြစ်ဒဏ်ပမာဏများ | ၂၀ |
| ၁၄။ | တရုတ်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတွင်တွေ့ရသောမူပိုင်ခွင့်ဆိုင်ရာများ | ၂၀ |
| ၁၅။ | ၁၉၁၄ ခုနှစ်၊ The Burma Copy right Act အရ မူပိုင်ခွင့်သက်တမ်း | ၂၄ |
| ၁၆။ | စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇)အရ မူပိုင်ခွင့်သက်တမ်း | ၂၄ |
| ၁၇။ | ပညာရှင်များ၏ မူကြမ်းအပေါ်အကြံပြုသုံးသပ်ချက်များ | ၂၅ |
| ၁၈။ | ပြည်သူလူထုတို့၏ မူပိုင်ခွင့်အပေါ်ထင်မြင်ချက်များ | ၂၉ |
| ၁၉။ | နိဂုံး | ၃၀ |

# နိဒါန်း

၁။ ယနေ့ခေတ်တွင် နည်းပညာများတိုးတက်လာသည်နှင့်အမျှ ပညာရေးသတင်းများ၊ ကျန်းမာရေးသတင်းများ၊ နိုင်ငံရေးသတင်းများနှင့်အခြားကိစ္စရပ်များစသည့် အချက်အလက်များစွာကို လူမှုကွန်ရက်များတွင်အလွယ်တကူလေ့လာနိုင်ကြပါသည်။ ထိုအခါ နည်းပညာတိုးတက်လာခြင်းနှင့်အတူ လူမှုကွန်ရက်တစ်ခုဖြစ်သည့်မီဒီယာကဏ္ဍသည်လည်း များစွာအရေးကြီးလာပါသည်။ အချို့မှာ မီဒီယာလွတ်လပ်ခွင့်ကိုအသုံးပြုပြီး မူပိုင်ခွင့်ကိုမသိကျိုးကျွံပြုကာ မိမိတို့ဖြန့်ဝေလိုသည်များကို မိမိတို့သဘောဆန္ဒအတိုင်း ဆောင်ရွက်နေကြသည်ကိုတွေ့မြင်နေရပါသည်။ ယင်းသည် မီဒီယာလွတ်လပ်ခွင့်ဟူသောစကားရပ်ကိုအသုံးချ၍ မူပိုင်ခွင့်ကိုအကြိမ်ကြိမ်ချိုးဖောက်နေခြင်းပင်ဖြစ်ပါသည်။ မူပိုင်ခွင့်ကိုချိုးဖောက်ရခြင်းမှာ မူပိုင်ခွင့်၏အနက်အဓိပ္ပာယ်ကို သိရှိနားလည်မှု၊ စိတ်ဝင်စားမှုနည်းပါးခြင်းကြောင့်ဖြစ်နိုင်ပါသည်။ ထို့ကြောင့် မူပိုင်ခွင့်၏အကြောင်းအရာကိုလေ့လာရန် လိုအပ်လာပြီဖြစ်ပါသည်။ ယခုအခါတွင် မူပိုင်ခွင့်နှင့်ပတ်သက်၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေကြမ်းဟူသောမူပိုင်ခွင့်ဥပဒေကြမ်း(၄)မျိုးကို ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၇ ခုနှစ်တွင်တင်သွင်းခဲ့ပြီး စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးလျက်ရှိသည်။ ယခုတင်ပြမည့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်းတွင် အခန်းပေါင်း (၂၃)ခန်းပါရှိပြီး၊ ပုဒ်မ ပေါင်း (၉၉) ခုပါဝင်ပါသည်။

## မူပိုင်ခွင့်၏အဓိပ္ပာယ်ဖွင့်ဆိုချက်




၂။ မူပိုင်ခွင့်ဆိုသည်မှာ ဥပဒေဆိုင်ရာအခွင့်အရေးတစ်ရပ်ဖြစ်ကာ ထိုအခွင့်အရေးသည် ၎င်းကိုအသုံးပြုရန်နှင့်ဖြန့်ချိရန်အတွက် မူလအရင်းအမြစ်ကိုဖန်တီးသူအား နိုင်ငံတစ်နိုင်ငံ၏ဥပဒေဖြင့် ဖန်တီးထားသောခွင့်ပြုချက်ဖြစ်သည်။ ၎င်းခွင့်ပြုချက်တွင် အချိန်ကန့်သတ်ချက်ပါဝင်ပါသည်။ မူပိုင်ခွင့်၏အဓိကသတ်မှတ်ချက်မှာ မူလဖန်တီးသူ၏ အတွေးအခေါ်ဖန်တီးချက်များကိုကာကွယ်ရန်ဖြစ်သည်။[1]

၃။ မူပိုင်ခွင့်(Copyright) သည် ဥပဒေတစ်ခုဖြစ်ပြီး ၎င်းသည် ဂီတ၊ စာအုပ်စာပေ၊ အချက်အလက်၊ ရုပ်ပုံများနှင့် အခြားအခြားသောကိုယ်တိုင်ဖန်တီးရယူမှုများအား ကာကွယ်နိုင်ရန်အတွက် ပြုလုပ်ထားခြင်းဖြစ်သည်။ မူပိုင်ခွင့်ဥပဒေသည် ဖန်တီးသူအတွက် ၎င်း၏ဖန်တီးမှုများအားရောင်းချခြင်းဖြင့် ဝင်ငွေရရှိစေသည်။ ထို့ပြင် ပိုင်ရှင်၏ခွင့်ပြုချက်ရရှိမှသာလျှင် ၎င်း၏လက်ရာကို ကူးယူနိုင်သည်၊ သို့မဟုတ် တုပပြုလုပ်နိုင်

1 https://en.m.wikipedia.org/wiki/Copyright

လေသည်။ လူတစ်ဦးသည် မူပိုင်ခွင့်ဥပဒေဖြင့် ကာကွယ်ထားသောလက်ရာတစ်ခုအား ပိုင်ရှင်မသိအောင်တုပပြုလုပ်လျှင် ၎င်းပုဂ္ဂိုလ်အား ပုံမှန်အားဖြင့် ဒဏ်တပ်ခြင်းကဲ့သို့သော ဥပဒေဖြင့်ဆုံးမနိုင်သည်။ အခြားအရေးကြီးသည့်ပြဿနာများတွင် လူပုဂ္ဂိုလ်သည် မူပိုင်ခွင့်ဖြင့်ကာကွယ်ထားသည့်လက်ရာအားကူးယူလျှင် ဖမ်းဆီးခြင်းခံရ၍ ထောင်ဒဏ်ပင်ကျရောက်နိုင်သည်။ နိုင်ငံအတော်များများတွင် လက်ရာတစ်ခုအား မူလဖန်တီးသူသည် အလိုအလျောက်မူပိုင်ခွင့်ရှိ၍ ၎င်းပုဂ္ဂိုလ်မှအခြားသူအား မူပိုင်ခွင့်တရားဝင်ပေးခြင်းမရှိသရွေ့ ၎င်းသည်သာလျှင် မူလပိုင်ရှင်အဖြစ်လက်ခံ ကျင့်သုံးကြပါသည်။[2]

## မူပိုင်ခွင့်ပေါ်ပေါက်လာခြင်း




၄။ မူပိုင်ခွင့်သည် စာပေများကျယ်ပြန့်လာခြင်းနှင့် ပုံနှိပ်စက်များ တီထွင်လာမှုမှစ၍ ပေါ်ပေါက်လာပါသည်။ ဥပဒေအကြောင်းအရာအားဖြင့် လေ့လာပါက ၁၈ ရာစုမှစ၍ ပုံနှိပ်သူများ၏ကြီးစိုးမှုကို ပြန်လည်တုံ့ပြန်ရန် ဗြိတိန်နိုင်ငံမှအစပြုကာ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။[3] မူပိုင်ခွင့် အရေးကြီးကြောင်းကိုဖော်ပြရပါက ပထမဆုံးအနေဖြင့် သင်၏လုပ်ငန်းကို ကာကွယ်ရန် သင့်တွင်ဥပဒေဆိုင်ရာအခွင့်အရေးရှိပါသည်။ သင်သည် ကဗျာတစ်ပုဒ်ကို စိတ်ကူးဖြင့်ရေးသားပြီးနောက် မူပိုင်ရှိကြောင်းမဖော်ပြဘဲ လူမှုကွန်ယက်ပေါ်တွင် လူအများဖတ်ရှုနိုင်ရန်တင်ထားပြီးနောက် လအနည်းငယ်အကြာတွင် တစ်စုံတစ်ယောက်က သင်၏ရေးသားထားသောလက်ရာကိုပုံနှိပ်ထုတ်ဝေလိုက်ပြီး ထိုကဗျာ၏အောက်တွင် ထိုသူ၏ကိုယ်ပိုင်အမည်ကိုထည့်သွင်းဖော်ပြထားပါက ၎င်းကဗျာသည် သင်၏မူပိုင် ဖြစ်ကြောင်းကို သက်သေပြနိုင်မည်မဟုတ်ပါ။ သို့သော် ကဗျာပေါ်တွင် မူပိုင်ရှိကြောင်းထည့်သွင်း ရေးသားထားပါက အထက်ပါကဲ့သို့ဖြစ်ပွားမှုများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။(အလွတ်သဘောဘာသာပြန်ဆိုခြင်း)[4]

## The World Intellectual Property Organization (WIPO)

၅။ အဓိကအကျဆုံးသော မူပိုင်ခွင့်ဆိုင်ရာအဖွဲ့ကြီးသည် ကုလသမဂ္ဂလက်အောက်ခံ The World Intellectual Property Organization (WIPO) ဟုခေါ်သည့်အဖွဲ့ကြီးဖြစ်ပါသည်။ ၎င်းကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင်ဌာနချုပ်ထားရှိထားပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိ "ဉာဏပစ္စည်း" ကာကွယ်စောင့်ရှောက်ရေးကို နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်ရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့်

---

**2** https://my.wikipedia.org/wiki/%E1%80%99%E1%80%B0%E1%80%95%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%81%E1%80%BD%E%80%84%E1%80%B7%E1%80%BA

**3** https://en.wikipedia.org/wiki/Copyright

**4** http://www.clickandcopyright.com/copyright-resources/why-copyright.aspx

ဖွဲ့စည်းထားခြင်းဖြစ်သည်။ WIPOအဖွဲ့ကြီး၏သဘောထားဆောင်ပုဒ်မှာ- "လူသားတို့ဉာဏ်ရည်အစွမ်းအစသည် အနုပညာလုပ်ငန်းအားလုံးနှင့် တီထွင်မှုအားလုံး၏အရင်းအမြစ်ဖြစ်သည်"ဟူ၍ဖြစ်သည်။ Intellectual Property ဟုခေါ်သည့်"ဉာဏပစ္စည်း"ဆိုရာတွင် နှစ်မျိုးနှစ်စားပါဝင်သည်ဟု WIPO ကသတ်မှတ်ထားရာ စက်မှုပစ္စည်းပိုင်းဆိုင်ရာတီထွင်မှုများ၊ အမှတ်တံဆိပ်များ၊ စက်မှုဒီဇိုင်းများနှင့် မူပိုင်ခွင့်ဆိုင်ရာစာပေ၊ ဂီတ၊ အနုပညာ၊ ဓာတ်ပုံပညာနှင့် ရုပ်မြင်သံကြားလုပ်ငန်းများဖြစ်ပါသည်။ WIPO ကို ၁၉၆၇ ခုနှစ်၊ ဇူလိုင် ၁၄ ရက် စတော့ဟုမ်းသဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ချိန်တွင် စတင်ဖွဲ့စည်းပြီးနောက် ၁၉၇၀ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့သည်။[5]

## မြန်မာနိုင်ငံနှင့်မူပိုင်ခွင့်

၆။ မြန်မာနိုင်ငံသည် နိုင်ငံတကာမူပိုင်ခွင့်သဘောတူစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသေးပေ။ မြန်မာနိုင်ငံ၏မူပိုင်ခွင့်ဥပဒေဆိုသည်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၉၉ နှစ်ကျော်ကတည်းကပင်ရှိခဲ့ပြီး ၁၉၁၄ ခုနှစ်၊ မူပိုင်အခွင့်အရေးအက်ဥပဒေဖြစ်ပါသည်။ ၁၉၁၁ ခုနှစ်၊ ဗြိတိန်နိုင်ငံ၌ပြဋ္ဌာန်းခဲ့သည့် မူပိုင်အခွင့်အရေးအက်ဥပဒေကို အခြေခံရေးဆွဲထားသည့်ဥပဒေဖြစ်ပါသည်။ ၎င်းဥပဒေ၏ပုဒ်မ၁(၂)အရ မူပိုင်အခွင့်အရေးကိုအဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ သုခုမအနုပညာနှင့်စာပေဆိုင်ရာဖန်တီးထားသောလုပ်ငန်းတစ်ခုကို ထုတ်လုပ်မှု၊ အဆင့်ဆင့်ကူးယူမှု၊ ခင်းကျင်းကပြမှု၊ တစ်ဆင့်ဟောပြောမှုစသည့်အခွင့်အရေးဟူသမျှသည် မူလဖန်တီးတီထွင်သူထံ၌သာ တည်ရှိစေရမည်ဟုဆိုထားခဲ့သည်။ ၎င်းအခွင့်အရေးတို့ကို မူလတီထွင်ဖန်တီးသူသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။ မြန်မာနိုင်ငံမူပိုင်ခွင့်ဥပဒေအရ တီထွင်ဖန်တီးမှုတစ်ခုကို တီထွင်ဖန်တီးသူအသက်ထင်ရှားရှိနေစဉ်ကာလနှင့် ၎င်းကွယ်လွန်ပြီးနောက်တစ်ရက်မှစ၍ နှစ်ပေါင်း ၅၀ အထိ တီထွင်ဖန်တီးသူ၏အမွေဆက်ခံခွင့်ရှိသူတို့က ပိုင်ဆိုင်သည်ဟုသတ်မှတ်ထားခဲ့သည်။ [6]

## The Burma Copy Right Act (India Act III, 1914), (24th February 1914)

၇။ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံ၏မူပိုင်ခွင့်အက်ဥပဒေအရ မူပိုင်ခွင့်ကိုအောက်ပါအတိုင်းဖော်ပြထားပါသည်-

(က) ပုဒ်မ(၁)(က)။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်အရ မူလစာပေ၊ ပြဇာတ်ပြကွက်၊ တေးဂီတနှင့်အနုပညာလုပ်ငန်းများကို ပုံနှိပ်ထုတ်ဝေပါက ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ပထမဆုံးထုတ်ဝေသောလုပ်ငန်းဖြစ်ရမည်ဖြစ်ပြီး ပုံနှိပ်မထုတ်ဝေမီ စာရေးဆရာ/မူလလက်ရာရှင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတွင်းတွင် နေထိုင်သူမြန်မာနိုင်ငံသား

5 Ibid
6 https://my.wikipedia.org/wiki/%E1%80%99%E1%80%B0%E1%80%95%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%81%E1%80%BD%E1%80%84%E1%80%B7%E1%80%BA

ဖြစ်ရမည်။ သို့သော် ဤဥပဒေဖြင့် အကာအကွယ်ပေးထားသောအချက်များမှတစ်ပါး ပြည်ထောင်စုသမ္မတ၏သတိပေးချက်ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ ဖြန့်ဝေနိုင်သည်။

(ခ) ပုဒ်မ(၁)(ခ)။ ဤအက်ဥပဒေ၏ရည်ရွယ်ချက်အရ မူပိုင်ခွင့်သည် ထုတ်လုပ်ရန်၊ သို့မဟုတ် မိတ္တူပွားရန်၊ သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကိုကောက်နုတ်ဖော်ပြရန်၊ သို့မဟုတ် ပြည်သူလူထုနှင့်ဆိုင်သော အစိတ်အပိုင်းတစ်ခုခုသည် မထုတ်ဝေသေးမီဖြစ်လျှင် လုပ်ငန်းအဖြစ်ထုတ်ဝေရန်၊ သို့မဟုတ် မည်သည့်များပြားသောအစိတ်အပိုင်းကိုဖြစ်စေ ထုတ်ဝေရန် ၎င်းတို့သည် အကျုံးဝင်သည်။ ထို့ပြင် ထုတ်လုပ်ရန်၊ မိတ္တူပွားရန်၊ ပြုလုပ်ရန်၊ သို့မဟုတ် ဘာသာပြန်ဆိုခြင်းကိုထုတ်ဝေရန်၊ ပြဇာတ်နှင့်ဆိုင်သောလုပ်ငန်းတွင် ဝတ္ထုရှည်အဖြစ်ပြောင်းလဲရန်၊ သို့မဟုတ် အခြားပြဇာတ်နှင့်မဆိုင်သောလုပ်ငန်းများ၊ ဝတ္ထုရှည်ရေးသားခြင်း၊ သို့မဟုတ် အခြားပြဇာတ်နှင့်မဆိုင်သောလုပ်ငန်း၊ သို့မဟုတ် ပြည်သူလူထုထံသို့ နည်းလမ်းတစ်မျိုးမျိုးဖြင့်ဖော်ပြခြင်းနှင့်စာပေပြဇာတ်၊ သို့မဟုတ် တေးဂီတဆိုင်ရာလုပ်ငန်းများတွင် မှတ်တမ်းပြုလုပ်ရန်၊ ရုပ်ရှင်ရိုက်ကူးရန်ဖလင်ကော်ပြား၊ သို့မဟုတ် စက်မှုပညာဖြင့်ဖန်တီးထားသော၊ သို့မဟုတ် အခြားကြံစည်တီထွင်ထားသောပစ္စည်းကိရိယာ၊ သို့မဟုတ် ဟောပြောချက်များတို့သည်လည်းအကျုံးဝင်သည်။[7] (အလွတ်သဘောဘာသာပြန်ဆိုခြင်း)

## စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇)တွင်ပါဝင်သော စီးပွားရေးဆိုင်ရာအခွင့်အရေး၊ ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးများနှင့် အခြားအကြောင်းအရာများအားအကျဉ်းချုပ်ကောက်နုတ်ဖော်ပြချက်

### အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်

၈။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သောတီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့်အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်နှင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်များလည်းပါဝင်သည်။[8]

### စာပေအနုပညာလက်ရာ

၉။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူလဖန်တီးမှုများဖြစ်သော အောက်ပါတို့သည် စာပေအနုပညာလက်ရာများဖြစ်ပါသည်-[9]

---

**7** Burma Code X, THE BURMA COPY RIGHT ACT,Part I,Imperial Copyright Rights, Section 1,page-330-331

**8** စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊ အခန်း(၁)၊ပုဒ်မ ၂(စ)

**9** စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊ အခန်း(၇)၊အခန်း(၈)၊ပုဒ်မ ၁၀

(က) စာအုပ်၊ လက်ကမ်းစာစောင်၊ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကွန်ပျူတာပရိုဂရမ်နှင့် အခြားရေးသားချက်များ၊

(ခ) ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ တရားဓမ္မဟောကြားချက်နှင့် အခြားဟောပြောချက်များ၊

(ဂ) ပြဇာတ်နှင့် ပြဇာတ်ဂီတလက်ရာ၊ ကိုယ်ဟန်အမူအရာဖြင့်သာ သရုပ်ဆောင်ချက်၊ ကကွက်စီစဉ်မှုလက်ရာနှင့် စင်မြင့်ပေါ်တွင်တင်ဆက်သည့် အခြားစာပေအနုပညာလက်ရာများ၊

(ဃ) စာသားပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးဂီတလက်ရာ၊

(င) ရုပ်ရှင်ဖန်တီးမှုလက်ရာအပါအဝင် တေးဂီတလက်ရာ၊

(စ) ဗိသုကာလက်ရာ၊

(ဆ) ရေးဆွဲခြင်း၊ ရေးခြစ်ခြင်း၊ ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ ထွင်းထုခြင်း၊ ရောင်စုံဖန်မှန်ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်းပြုထားသည့်လက်ရာ၊ သစ်သားဖြင့်ပြုလုပ်သည့်လက်ရာ၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ သတ္တုထည်၊ မြေထည်၊ လက်ဝတ်ရတနာ၊ လက်မှုပစ္စည်း၊ ရှေးခေတ်ဝတ်စုံ၊ တိုင်းရင်းသားရိုးရာဝတ်စုံ၊

(ဇ) ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့်လက်ရာ၊ ရွှေချည်ထိုးနှင့် အနုစိတ်သည့် အခြားအနုပညာလက်ရာများ၊

(ဈ) ဓာတ်ပုံလက်ရာ၊

(ည) အသုံးချအနုပညာလက်ရာ၊

(ဋ) အထည်အလိပ်ဒီဇိုင်း၊

(ဌ) ပထဝီအနေအထားနှင့်ဖြစ်စေ၊ မျက်နှာသွင်ပြင်ဖော်ပြချက်နှင့်ဖြစ်စေ၊ ဗိသုကာလက်ရာနှင့်ဖြစ်စေ၊ သိပ္ပံပညာနှင့်ဖြစ်စေ သက်ဆိုင်သည့် ရုပ်ပြနမူနာ၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်းနှင့်သုံးဖက်မြင်လက်ရာ။

## မူလလက်ရာရှင်၊ မူပိုင်ခွင့်ပိုင်ရှင်

၁၀။ (က) မူလလက်ရာရှင်ဆိုသည်မှာ ဤဥပဒေအရအကာအကွယ်ပေးခြင်းခံရသော စာပေအနုပညာလက်ရာတစ်ရပ်ရပ်ကိုစတင်ပြုလုပ်သည့် သို့မဟုတ် ဖန်တီးသည့်လူပုဂ္ဂိုလ်ကိုဆိုသည်။

(ခ) မူပိုင်ခွင့်ပိုင်ရှင်ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထိုသူ၏အမွေဆက်ခံသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်-

(၁) စီးပွားရေးဆိုင်ရာအခွင့်အရေးကို အလိုအလျောက်ရရှိထားပြီးဖြစ်သော မူလလက်ရာရှင်၊

(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သောလူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၊

(၃) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း။ [10]

## စုပေါင်းလက်ရာ

၁၁။ စုပေါင်းလက်ရာဆိုသည်မှာ လူပုဂ္ဂိုလ်၊ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ညွှန်ကြားချက်အရ စတင်ဖန်တီးသူများ၏အမည်ကိုဖော်ပြခြင်းမပြုဘဲ ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ်၊ သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏အမည်ဖြင့်သာဖော်ပြသည့် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များကဖန်တီးထားသော စာပေအနုပညာလက်ရာကိုဆိုသည်။ [11]

## ပူးတွဲမူလလက်ရာရှင်များ၏လက်ရာ

၁၂။ ပူးတွဲမူလလက်ရာရှင်များ၏လက်ရာဆိုသည်မှာ နှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသည့် မူလလက်ရာရှင်များက လက်ရာတစ်ခုဖြစ်ပေါ်လာစေရန် ပူးပေါင်းပါဝင်ဖန်တီးဆောင်ရွက်ထားသည့် စာပေအနုပညာလက်ရာကို ဆိုသည်။ [12]

## မူပွားခြင်း

၁၃။ မူပွားခြင်းဆိုသည်မှာ စာပေအနုပညာလက်ရာ၊ သို့မဟုတ် ဖိုနိုဂရမ်ကို အီလက်ထရောနစ်နည်းပညာဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သိမ်းဆည်းထားခြင်းအပါအဝင် ယင်းလက်ရာ၊ သို့မဟုတ် ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း၊ ပုံစံဖြင့်မဆို မိတ္တူကူးခြင်း၊ တုပခြင်း၊ ပုံတူကူးခြင်း စသည်ဖြင့် မိတ္တူတစ်ခု၊ သို့မဟုတ် တစ်ခုထက်ပို၍ ပြုလုပ်ခြင်းကိုဆိုသည်။ [13]

---

10 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၁)၊ပုဒ်မ ၂ (ည)နှင့်(ဍ)

11 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၁)၊ပုဒ်မ ၂ (တ)

12 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၁)၊ပုဒ်မ ၂ (ထ)

13 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၁)၊ပုဒ်မ ၂ (လ)

## အခွင့်အရေးရရှိသူ

၁၄။ အခွင့်အရေးရရှိသူဆိုသည်မှာ မူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင်၊ သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်ကိုဆိုသည်။ ယင်းစကားရပ်တွင် မူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ သီးသန့်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်းပါဝင်သည်။[14]

## မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းများ

၁၅။ မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းများဆိုသည်မှာ အခွင့်အရေးရရှိသူ၏သဘောတူညီချက်မပါဘဲ ပြုလုပ်ထားသောမိတ္တူများနှင့် ဤဥပဒေပါ မူပိုင်ခွင့်အခွင့်အရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချိုးဖောက်လျက်ပြုလုပ်ထားသော မိတ္တူများကိုဆိုသည်။[15]

၁၆။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း(၂၀၁၇)အရ ဤဥပဒေကြမ်း၏အခန်း(၁၁)ပါပြဋ္ဌာန်းချက်များကိုမဆန့်ကျင်စေဘဲ မူလလက်ရာရှင်၊ သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် အောက်ဖော်ပြပါ ပြုလုပ်မှုများကို ကိုယ်တိုင်ဆောင်ရွက်ရန်၊ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ဆောင်ရွက်ခွင့်ပြုရန် စီးပွားရေးဆိုင်ရာသီးသန့်အခွင့်အရေးကိုရရှိစေရမည်-

(က) မူပွားခြင်း၊

(ခ) ဘာသာပြန်ဆိုခြင်း၊ မှီငြမ်းခြင်း၊ စီစဉ်ခြင်း၊ အခြားနည်းဖြင့်ပြောင်းလဲခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊

(ဂ) မူရင်း သို့မဟုတ် မိတ္တူကို ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ပိုင်ဆိုင်မှုကိုလွှဲပြောင်းခြင်းဖြင့် အများပြည်သူသို့ ဖြန့်ချိခြင်း၊

ခြွင်းချက်။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်သည် ၎င်း၏ခွင့်ပြုချက်ဖြင့် မည်သည့်နိုင်ငံတွင်မဆို ရောင်းချပြီးသော သို့မဟုတ် ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းထားပြီးသော စာပေအနုပညာလက်ရာမူရင်း သို့မဟုတ် မိတ္တူအပေါ်တွင် ဖြန့်ချိသည့်အခွင့်အရေးကို မရရှိစေရ၊

(ဃ) ကွန်ပျူတာပရိုဂရမ်၊ အရုပ်အသံလက်ရာ၊ ဖိုနိုဂရမ်တွင်ထည့်သွင်းထားသည့် စာပေအနုပညာလက်ရာ၊ အချက်အလက်အစုအဝေး သို့မဟုတ် သင်္ကေတပုံစံဖြစ်သည့် ဂီတလက်ရာတို့၏ မူရင်း သို့မဟုတ် မိတ္တူကို အများပြည်သူသို့ အခကြေးငွေဖြင့်ငှားရမ်းခြင်း၊

(င) အများပြည်သူအား ဖျော်ဖြေခြင်း၊

(စ) ထုတ်လွှင့်ခြင်း၊

---

14 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၁)၊ပုဒ်မ ၂ (ဌ)

15 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၁)၊ပုဒ်မ ၂ (ခခ)

(ဆ) အခြားတစ်နည်းနည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း။ [16]

## ၁၉၁၄ ခုနှစ်၊ The Burma Copy Right Act တွင်ဖော်ပြထားသောပြစ်ဒဏ်

၁၆။ မည်သူမဆိုသိလျက်နှင့်-

(က) ဤမူပိုင်ခွင့်အက်ဥပဒေတွင်ပါဝင်သော မူပိုင်ခွင့်ကိုချိုးဖောက်၍ ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်လျှင် သို့မဟုတ်၊

(ခ) မူပိုင်ခွင့်ကိုချိုးဖောက်၍ ငှားရမ်းရန် သို့မဟုတ် ရောင်းချရန်ကမ်းလှမ်းခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် စီးပွားဖြစ်ပြုလုပ်ရန် သို့မဟုတ်၊

(ဂ) ကုန်သွယ်မှုပြုလုပ်ရန်ရည်ရွယ်လျက် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်ကို ထိခိုက်စေရန် ကဲ့သို့သောအကြောင်းကိစ္စများ စသည့်တစ်ခုခုအတွက် မူပိုင်ခွင့်ပါဖော်ပြချက်များကို ချိုးဖောက်၍ဖြန့်ဝေခြင်း သို့မဟုတ်၊

(ဃ) မူပိုင်ခွင့်ပါတစ်ခုခုကိုချိုးဖောက်၍ အများပြည်သူထံတွင် စီးပွားဖြစ်ပြုလုပ်၍ ခင်းကျင်းပြသခြင်း သို့မဟုတ်၊

(င) မူပိုင်ခွင့်ပါ တစ်ခုခုကိုချိုးဖောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရောင်းချရန် သို့မဟုတ် ငှားရမ်းရန် ကုန်တင်သွင်းခြင်း၊

စသည်တစ်ခုခုကိုကျူးလွန်ပါက ပြစ်မှုကျူးလွန်သူအား ဤဥပဒေတွင်ဖော်ပြထားချက်များကိုဆန့်ကျင် ချိုးဖောက်ခြင်းနှင့် မိတ္တူဖြန့်ဝေမှုတိုင်းအတွက် ငွေဒဏ်အားဖြင့် ရူပီ ၂၀ ပေးဆောင်ရမည်။ သို့သော် အလားတူလုပ်ငန်းများနှင့်ပတ်သက်၍ ရူပီ ၅၀၀ ထက်မပိုသောငွေဒဏ်ကို ပေးဆောင်ရမည်။

၁၇။ မည်သူမဆို သိလျက်နှင့်မူပိုင်ခွင့်တွင် ပါဝင်ချက်တစ်ခုခုကိုချိုးဖောက်၍ ရည်ရွယ်ချက်ရှိရှိဖြင့် တံဆိပ်ခပ်နှိပ်ပြီး ပိုင်ဆိုင်မှုအဖြစ်ပြုလုပ်လျှင် သို့မဟုတ် သိလျက်နှင့်မူပိုင်ခွင့်ပိုင်ရှင်၏ခွင့်ပြုချက် မရှိဘဲ ပုဂ္ဂိုလ်ရေးဆိုင်ရာအကျိုးအမြတ်အတွက် အများပြည်သူရှေ့မှောက်တွင် ခင်းကျင်းပြသခြင်းကို ပြုလုပ်လျှင် ထိုသူအား ငွေဒဏ်အဖြစ် ရူပီး ၅၀၀အား ပေးဆောင်ချမှတ်နိုင်ပါသည်။

၁၈။ မည်သူမဆို ဤဥပဒေ၏ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ အရ ပြစ်မှုကျူးလွန်ကြောင်း ပြစ်ဒဏ် ချမှတ်ခြင်းခံရပြီးနောက် ထိုပုဒ်မ ၇ သို့မဟုတ် ၈ ကိုထပ်မံ၍ကျူးလွန်ပါက ထိုသူအားအလုပ်မဲ့ ထောင်ဒဏ်

16 စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၉)၊ပုဒ်မ ၁၅

၁ လကို ချမှတ်နိုင်သည် သို့မဟုတ် ရူပီ ၁၀၀၀ အထိငွေဒဏ်ကိုချမှတ်နိုင်ပါသည် သို့မဟုတ် ထောင်ဒဏ် နှင့်ငွေဒဏ်နှစ်ရပ်စလုံးကို ချမှတ်နိုင်ပါသည်။ [17] (အလွတ်သဘောဘာသာပြန်ဆိုခြင်း)

## ဥပဒေကြမ်းတွင်ပါရှိသော ပြစ်မှုနှင့်ပြစ်ဒဏ်




၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအောက် မနည်းသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်-

(က) အခွင့်အရေးရရှိသူ၏ သဘောတူခွင့်ပြုချက်မပါဘဲ စီးပွားရေးအလို့ငှာ-

(၁) မူပိုင်ခွင့်အကာအကွယ်ပေးခံရသည့် လက်ရာကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိတ္တူပွားခြင်း၊

(၂) မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် ရောင်းဝယ်ဖောက်ကားခြင်း၊

(၃) မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းကို မြန်မာနိုင်ငံအတွင်းသို့တင်သွင်းခြင်း၊

(၄) ပုဒ်မ ၄၀နှင့် ၄၁ပါတားမြစ်ထားသော အပြုအမူတစ်ရပ်ရပ်ကိုပြုလုပ်ခြင်း။

(ခ) မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းများ ထုတ်လုပ်ရာတွင် သို့မဟုတ် ထုတ်လုပ်ရန် အဓိကအသုံးပြုလျက်ရှိသော ပစ္စည်းကိရိယာတန်ဆာပလာတစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း။

၂၀။ မည်သူမဆို ပုဒ်မ ၈၁ ပါပြုလုပ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်ယင်းပြစ်မှုကိုကျူးလွန်သည့်နေ့မှ ၅ နှစ်အတွင်း ယခင်ကျူးလွန်ခဲ့သည့်ပြစ်မှုမျိုးကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀ အောက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်-

**17** Burma Code X, THE BURMA COPY RIGHT ACT,Part I,Section 7,8,and 9,page-327 to 328

(က) မူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မူပိုင်ခွင့်မှတ်ပုံတင်စာရင်း၌ မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း။

၂၂။ မည်သူမဆို ပုဒ်မ ၇၉ ပါအမိန့်ကို လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကိုခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၅ သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောအပြုအမူကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာ၌ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။[18]

## အရှေ့တောင်အာရှနိုင်ငံအချို့၏ မူပိုင်ခွင့်ဆိုင်ရာဥပဒေများ

## ထိုင်းနိုင်ငံ

၂၄။ ထိုင်းနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေကို ၁၉၉၄ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး၊ အခန်းပေါင်း(၈)ခန်းနှင့် ပုဒ်မပေါင်း ၇၈ ခုပါဝင်ပါသည်။ ထိုင်းနိုင်ငံတွင်တွေ့ရသော မူပိုင်ခွင့်အမျိုးအစား၊ မူပိုင်ခွင့်ပိုင်ရှင်နှင့် မူပိုင်ခွင့်သက်တမ်းတို့ကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြထားပါသည်-

(က) ဤဥပဒေအရ မူပိုင်ခွင့်အလုပ်ဆိုသည်မှာ စာပေအမျိုးမျိုးကိုရေးသားသော စာရေးဆရာ၊ ပြဇာတ်၊ အနုပညာအရည်အသွေးပြခြင်း၊ တေးဂီတဆိုင်ရာ၊ ရုပ်သံ၊ ရုပ်ရှင်ရိုက်ကူးရေး၊ အသံသွင်းခြင်း၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ် သို့မဟုတ် စာပေဆိုင်ရာလုပ်ငန်းတစ်ခုခု၊ သိပ္ပံဆိုင်ရာ သို့မဟုတ် အနုပညာအရည်အသွေးပြသောနေရာတို့ကိုဆိုလိုပါသည်။ အတွေးအခေါ် သို့မဟုတ် လုပ်ထုံးလုပ်နည်း၊ ဖြစ်စဉ် သို့မဟုတ် စနစ် သို့မဟုတ် အသုံးပြုနည်း သို့မဟုတ် ပြုလုပ်ပုံ သို့မဟုတ် အတွေးအမြင်၊ မူသဘောတရား၊ ရှာဖွေတွေ့ရှိမှု သို့မဟုတ် သိပ္ပံဆိုင်ရာ သို့မဟုတ် သင်္ချာနည်းအယူအဆ စသည်တို့သည် မူပိုင်ခွင့်ကာကွယ်ခြင်းတွင် သက်ဆိုင်မှု မရှိပါ။[19]

(ခ) မူလလက်ရာရှင်သည် အောက်တွင်ဖော်ပြထားသောအခြေအနေတစ်ခုခုတွင် စာပေလက်ရာရှင်ဖြစ်လျှင် မူပိုင်ခွင့်၏ပိုင်ရှင်ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်းမပြုလုပ်မီကာလအတွင်း စာရေးဆရာသည် ထိုင်းနိုင်ငံသားဖြစ်ရမည် သို့မဟုတ် ထိုင်းနိုင်ငံတွင် အခြေချနေထိုင်သောသူဖြစ်ရမည် သို့မဟုတ် ထိုင်းနိုင်ငံအပါအဝင် မူပိုင်ခွင့်ကိုကာကွယ်ရန်

---

**18** စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊အခန်း(၂၂)၊ပုဒ်မ ၈၁၊၈၂၊၈၃၊၈၄၊၈၅

**19** **COPYRIGHT ACT B.E. 2537 (1994)** , see available : http://www.wipo.int/wipolex/en/text.jsp?file_id=129762,accesed date : 22.12.2017

အတွက် ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အခြေချနေထိုင်သောသူ သို့မဟုတ် နိုင်ငံသားဖြစ်ရမည်။ ပုံနှိပ်ထုတ်ဝေခြင်းကဏ္ဍတွင် ပထမဆုံးထုတ်ဝေခြင်းကို ထိုင်းနိုင်ငံတွင်ပြုလုပ်ရမည် သို့မဟုတ် ထိုင်းနိုင်ငံ အပါအဝင် မူပိုင်ခွင့်ကို ကာကွယ်ရန်အတွက် ကွန်ဗင်းရှင်း၏အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင်ပါဝင်သောနိုင်ငံတစ်ခုခုတွင် ထုတ်ဝေခြင်းဖြစ်ရမည်။ သို့သော် ထိုင်းနိုင်ငံ၏ပြင်ပနိုင်ငံတစ်ခုခုတွင် ပထမဆုံးထုတ်ဝေခြင်း သို့မဟုတ် ထိုင်းနိုင်ငံအပါအဝင် မူပိုင်ခွင့်ကိုကာကွယ်ရန်အတွက် ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ မပါဝင်သောနိုင်ငံတစ်ခုခုတွင် ပထမဆုံးထုတ်ဝေခြင်းကို ပြုလုပ်ပါက အဆိုပါထုတ်ဝေခြင်းလုပ်ငန်းသည် ထိုင်းနိုင်ငံအတွင်း သို့မဟုတ် ထိုင်းနိုင်ငံအပါအဝင် မူပိုင်ခွင့်ကိုကာကွယ်ရန်အတွက် ကွန်ဗင်းရှင်း၏အဖွဲ့ဝင်နိုင်ငံတစ်ခုခု၌ ရက်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ်ထုတ်ဝေခြင်းပြုရမည်ဖြစ်သည်။ မူလလက်ရာရှင်သည် ထိုင်းနိုင်ငံသားဖြစ်ရမည်ဖြစ်သည့်အပြင် ဥပဒေပညာရှင်တစ်ဦးဖြစ်လျှင် ထိုင်းနိုင်ငံ၏ဥပဒေအရ ဆောင်ရွက် ရမည်ဖြစ်သည်။ [20]

(ဂ) ဤဥပဒေ၏မူပိုင်ခွင့်အရ မူပိုင်ခွင့်သည် မူလလက်ရာရှင်၏အသက်ရှင်နေစဉ် ကာလပတ်လုံးနှင့် မူလလက်ရာရှင်သေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ အထိဖြစ်သည်။ ပူးတွဲလက်ရာရှင်ကဏ္ဍတွင် မူပိုင်ခွင့်သည် ပူးတွဲလက်ရာရှင်များ၏အသက်ရှင်နေစဉ် ကာလပတ်လုံးနှင့် ပူးတွဲလက်ရာရှင်တစ်ဦးဦးသေဆုံးပြီးနောက် ကျန်နေသေးသည့် မူလလက်ရာရှင်သေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ အထိဖြစ်သည်။ [21] (အလွတ်သဘော ဘာသာပြန်ခြင်း)

## မလေးရှားနိုင်ငံ

၂၅။ မလေးရှားနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေကို ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်နေ့တွင် အာဏာသက်ရောက်ပါသည်။ ထိုဥပဒေကို ၁၉၉၀ ခုနှစ်၊ ၁၉၉၉ ခုနှစ်၊ ၂၀၀၀ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တို့တွင် ဥပဒေပါထင်ရှားသောအချက်အလက်များအား ပြင်ဆင်ခဲ့ကြပါသည်။ မလေးရှားနိုင်ငံမူပိုင်ခွင့်ဥပဒေတွင် အခန်း(၉)ခန်းနှင့် ပုဒ်မပေါင်း ၆၁ ခု ပါဝင်ပါသည်။ မလေးရှားနိုင်ငံတွင်တွေ့ရသော မူပိုင်ခွင့်အမျိုးအစား၊ မူပိုင်ခွင့်ပိုင်ရှင်နှင့် မူပိုင်ခွင့်သက်တမ်းတို့ကို အောက်ပါအတိုင်းအကျဉ်းချုပ်ဖော်ပြထားပါသည်-

(က) မူပိုင်ခွင့်ဥပဒေအရ အောက်ပါလုပ်ငန်းအမျိုးအစားများကို ကာကွယ်ခွင့်ပေးထားပါသည်-

---

**20 COPYRIGHT ACT B.E. 2537 (1994)** , see available : http://www.wipo.int/wipolex/en/text.jsp?file_id=129762,accesed date : 22.12.2017

**21 COPYRIGHT ACT B.E. 2537 (1994)** , see available : http://www.wipo.int/wipolex/en/text.jsp?file_id=129762,accesed date : 22.12.2017

(၁) စာပေလုပ်ငန်းတွင် စာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ၊ ပြဇာတ်များ၊ ဇာတ်သဘင်၊ ဇာတ်ညွှန်း၊ ဆောင်းပါးများ၊ စာပေများ၊ အစီရင်ခံစာများ၊ မှတ်တမ်းအဆိုတင်သွင်းခြင်းများနှင့် စာအုပ်စာတမ်းပြုစုခြင်း၊ ကွန်ပျူတာ စီမံကိန်းများစသည်တို့ပါဝင်သည်။

(၂) အနုပညာလုပ်ငန်းတွင် ပန်းချီဆွဲခြင်း၊ ရုပ်ပုံကားချပ်ဆွဲခြင်း၊ ပုံကြမ်းကားချပ်များ၊ မြေပုံများ၊ ဇယားများ၊ တံဆိပ်ထုခြင်းများ၊ ဓါတ်ပုံရိုက်ခြင်းများ၊ ပန်းပုထုခြင်းများ၊ ဗိသုကာဆိုင်ရာလုပ်ငန်းများ၊ အနုပညာဆိုင်ရာလက်မှုပညာအတတ်လုပ်ငန်းများ စသည်တို့ပါဝင်ပါသည်။

(၃) တေးဂီတဆိုင်ရာလုပ်ငန်းများ၊

(၄) ရုပ်ရှင်ရိုက်ကူးခြင်းများ၊

(၅) အသံသွင်းခြင်း၊ ဓါတ်ပြားသွင်းခြင်းလုပ်ငန်းများနှင့်

(၆) အသံလွှင့်ခြင်းများ စသည်တို့ဖြစ်ကြပါသည်။

၂၆။ မူပိုင်ခွင့်ကာကွယ်ခြင်းတွင် အတွေးအမြင်၊ လုပ်ထုံးလုပ်နည်း၊ ပြုလုပ်ပုံနည်းလမ်း၊ သို့မဟုတ် သင်္ချာနည်းဖော်ပြချက် စသည်တို့မပါဝင်ပါ။ မူပိုင်ခွင့်တွင် မှတ်ပုံတင်ထားပြီးသော စက်မှုဆိုင်ရာပုံစံထုတ်များ မပါဝင်ပါ။ မူပိုင်ခွင့်ပိုင်ဆိုင်ခြင်းနှင့်ပတ်သက်၍ မူလဖန်တီးသူနှင့် မူပိုင်ခွင့်၏ပိုင်ရှင်ကြားတွင် ကွဲပြားမှုများစွာရှိပါသည်။ မူပိုင်ခွင့်ပိုင်ရှင်သည် မူလဖန်တီးရှင်ထဲမှအစပြုသူဖြစ်ရမည်။ ဤအထွေအထွေ နည်းဥပဒေသည် ရှင်းလင်းချက်နှစ်ခုကိုဖော်ပြပေးရာတွင် ဝန်ဆောင်မှုပဋိညာဉ်အရ မူလဖန်တီးသူကို အလုပ်အပ်ခြင်း၊ သို့မဟုတ် အလုပ်သင်အဖြစ်ဝင်ခြင်း၊ သို့မဟုတ် လုပ်ငန်းကိုဖန်တီးခြင်းစသည်တို့တွင် မူပိုင်ခွင့်သည် အလုပ်ရှင်၊ သို့မဟုတ် အလုပ်အပ်သူတို့ထံတွင်ရှိရမည်။

၂၇။ မူပိုင်ခွင့်သက်တမ်းနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် စာပေ၊ တေးဂီတနှင့် အနုပညာလုပ်ငန်းများအတွက် မူလဖန်တီးသူအသက်ရှင်နေစဉ်ကာလအတွင်း ပုံနှိပ်ထုတ်ဝေရပြီး မူပိုင်ခွင့်ကာကွယ်ခြင်းသက်တမ်းသည် မူလဖန်တီးသူသေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ အပါအဝင် အသက်ရှင်နေစဉ်ကာလ ပတ်လုံးအကျုံးဝင်ပါသည်။ မူလဖန်တီးသူ သေဆုံးပြီးနောက် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက စတင်ပုံနှိပ်ချိန်မှစ၍ နှစ်ပေါင်း ၅၀ အထိ မူပိုင်ခွင့်ရှိပါသည်။[22]

---

**22** See available : http://www.mipa.org.my/copyright.html, accesed date : 22.12.2017

၂၈။ ဤဥပဒေ၏ရည်ရွယ်ချက်အရ ပုံနှိပ်ထုတ်ဝေခြင်းသည် မလေးရှားနိုင်ငံတွင် ပထမဆုံးပုံနှိပ်ထုတ်ဝေခြင်းဖြစ်ရမည့် အကြောင်းအရာများသည်-

(က) လုပ်ငန်း၊ သို့မဟုတ် သရုပ်ဆောင်ခြင်းလုပ်ငန်းသည် မလေးရှားနိုင်ငံတွင် ပထမဆုံး ထုတ်ဝေခြင်းဖြစ်ရမည်ဖြစ်ပြီး အခြားမည်သည့်နေရာတွင်မျှမပြုလုပ်ရ။

(ခ) လုပ်ငန်း၊ သို့မဟုတ် သရုပ်ဆောင်ခြင်းလုပ်ငန်းကို အခြားနေရာတွင် ပြုလုပ်ခြင်းဖြစ်ပါက ရက်ပေါင်း ၃၀ အတွင်း မလေးရှားနိုင်ငံတွင် ထုတ်ဝေရမည်။

၂၉။ လုပ်ငန်း၊သို့မဟုတ် သရုပ်ဆောင်ခြင်းလုပ်ငန်း၏ အစိတ်အပိုင်းကို ပထမထုတ်ဝေပြီးဖြစ်ပါက ဤဥပဒေ၏ရည်ရွယ်ချက်အရ ထိုအစိတ်အပိုင်းကို သီးခြားအဖြစ်ထားရှိရမည်။[23] (အလွတ်သဘောဘာသာပြန်ခြင်း)

## ဖိလစ်ပိုင်နိုင်ငံ

၃၀။ ဖိလစ်ပိုင်နိုင်ငံတွင် မူပိုင်ခွင့်နှင့်ပတ်သက်၍ **INTELLECTUAL PROPERTY CODE OF THE PHILIPPINES [Republic Act No. 8293]** ၏အပိုင်း(၄)တွင် ပြဋ္ဌာန်းထားပါသည်။ အဆိုပါဥပဒေကို ၁၉၉၇ ခုနှစ်၊ ဇွန်လ ၆ ရက်တွင် နိုင်ငံ၏ဥပဒေအမှတ် (၈၂၉၃) ဖြင့် လွှတ်တော်တွင်ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၏ မူပိုင်ခွင့်နှင့်ပတ်သက်၍ တစ်စိတ်တစ်ဒေသကို အောက်ပါအတိုင်းဖော်ပြထားပါသည်-

(က) စာပေနှင့်ဆောင်းပါးလုပ်ငန်းများတွင် လုပ်ငန်းအတွက်မူရင်းအသိဉာဏ်ဖြင့်ဖန်တီးခြင်း စသည့်ဖော်ညွှန်းထားသောလုပ်ငန်းများသည် သူတို့၏ဖန်တီးမှုကိုကာကွယ်သည့်အပြင် တစ်သီးတစ်ခြားထဲတွင်ပါဝင်သည်-

(၁) စာအုပ်များ၊လက်ကမ်းစာစောင်များ၊ ဆောင်းပါးများနှင့် အခြားစာပေလက်ရာများ၊

(၂) ပုံမှန်ထုတ်ဝေသောသတင်းစာများ၊

---

**23** Copyright Act 1987 , LAWS OF MALAYSIA ,see available : http://www.commonlii.org/my/legis/consol_act/ca1987133/, accessed date : 22.12.2-017

(၃) စာပေများ၊ တရားဒေသနာများ၊ လိပ်စာများ၊ စာပေဟောပြောပွဲအတွက် ပြင်ဆင် ထားသောစာတမ်း၊

(၄) ချော့စာများ၊

(၅) ပြဇာတ်များ သို့မဟုတ် ဂီတပွဲများ၊ ဘဲလေးအက သို့မဟုတ် အသံတိတ်ပြပွဲတွင် ပါဝင်သောပြသမှုများ၊

(၆) တေးဂီတပွဲများ၊

(၇) ပန်းချီရေးဆွဲခြင်း၊ နံရံဆေးပန်းချီ၊ ဗိသုကာပညာရပ်၊ ပန်းပုလက်ရာများ၊ တံဆိပ်ထုခြင်း၊ ကျောက်ဖြင့်ထုဆစ်ခြင်း၊ သို့မဟုတ် အခြားဆက်စပ်သော အနုပညာလက်ရာများ၊ အနုပညာလုပ်ငန်းနှင့်ဆိုင်သောနမူနာ၊ သို့မဟုတ် ပုံစံများ၊

(၈) စက်ရုံဒီဇိုင်းအဖြစ်မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ မူလအဆင်တန်ဆာ ဒီဇိုင်း၊ သို့မဟုတ် ဆောင်းပါးနမူနာများနှင့် အခြားဆက်စပ်သောအနုပညာ လုပ်ငန်းများ၊

(၉) သရုပ်ဖော်ခြင်း၊ မြေပုံ၊ စီမံချက်၊ ပုံကြမ်း၊ ဇယားကွက်နှင့် ပထဝီအနေအထား၊ မြေမျက်နှာသွင်ပြင်၊ အဆောက်အအုံဒီဇိုင်းလက်ရာများ၊ သို့မဟုတ် သိပ္ပံပညာရပ် နှင့်ဆိုင်သောလုပ်ငန်းများ၊

(၁၀) နည်းပညာဆိုင်ရာ၊ သို့မဟုတ် သိပ္ပံဆိုင်ရာလုပ်ငန်းများအတွက်ပုံဖော်ခြင်း၊ သို့မဟုတ် ပလပ်စတစ်လုပ်ငန်း၊

(၁၁) ဓါတ်ပုံဆိုင်ရာလုပ်ငန်းများ၊

(၁၂) ရုပ်မြင်သံကြားလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်းနှင့် ရုပ်ရှင်ပြဇာတ်လုပ်ငန်းစဉ်များ၊

(၁၃) ပန်းချီပြသခြင်းနှင့် ကြော်ငြာများ၊

(၁၄) ကွန်ပျူတာအစီအစဉ်များ၊

(၁၅) အခြားစာပေ၊ ပညာရေးစာပေ၊ သိပ္ပံပညာနှင့် အနုပညာလုပ်ငန်းများ။

(ခ) မူပိုင်ခွင့်ဥပဒေတွင်ပြဋ္ဌာန်းထားချက်အရ မူပိုင်ခွင့်ကာလသည် မူလဖန်တီးသူ၏ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သေဆုံးပြီးနောက်နှစ်ပေါင်း ၅၀ အထိဖြစ်သည်။

ၾင်းနည်းဥပဒေသည် မူလဖန်တီးသူကွယ်လွန်ပြီးမှထုတ်ဝေသော လုပ်ငန်းတွင်လည်း အကျုံးဝင်သည်။

(ဂ) ပူးတွဲမူလဖန်တီးသူ၏မူပိုင်ခွင့်နှင့်ပတ်သက်၍ စီးပွားရေးဆိုင်ရာအခွင့်အရေးများသည် နောက်ဆုံးကျန်ရှိခဲ့သော မူလဖန်တီးသူ၏အသက်ရှင်နေစဉ်ကာလနှင့် သူသေဆုံးပြီး နောက်နှစ်ပေါင်း ၅၀ အထိဖြစ်သည်။ဤဥပဒေအရ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများကို အောက်ပါအတိုင်း ကာကွယ်ခြင်းပြုပါသည်-

(၁) မူလဖန်တီးသူသည် ဖိလစ်ပိုင်နိုင်ငံသား သို့မဟုတ် ဖိလစ်ပိုင်နိုင်ငံတွင် အခြေချနေထိုင်သူဖြစ်ရမည်၊

(၂) ရုပ်မြင်သံကြားလုပ်ငန်းအတွက် ထုတ်လုပ်သူအကြီးအကဲသည် ဖိလစ်ပိုင်နိုင်ငံတွင် အခြေချနေထိုင်သူဖြစ်ရမည်၊

(၃) ဗိသုကာလုပ်ငန်းသည် ဖိလစ်ပိုင်တွင် တည်ထောင်ခြင်းဖြစ်ရမည် သို့မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဗိသုကာလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော သို့မဟုတ် အခြားတည်ဆောက်ပုံသည် ဖိလစ်ပိုင်နိုင်ငံတွင် အခြေချထားခြင်း ဖြစ်ရမည်၊

(၄) လုပ်ငန်းများသည် ဖိလစ်ပိုင်နိုင်ငံတွင် ပထမဆုံးပုံနှိပ်ခြင်း၊ ပြုလုပ်ခြင်းဖြစ်ရမည်၊

(၅) မူလဖန်တီးသူသည် ဖိလစ်ပိုင်နိုင်ငံတွင် အခြေချနေထိုင်သူ သို့မဟုတ် နိုင်ငံသား အသီးသီးတို့သည် အခြားနိုင်ငံတစ်ခုခုတွင် ပထမဆုံးပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ဖိလစ်ပိုင်နိုင်ငံတွင် ရက်ပေါင်း ၃၀ အတွင်းထုတ်ဝေရမည်ဖြစ်သည်။[24] (အလွတ်သဘောဘာသာပြန်ခြင်း)

**ကမ္ဘောဒီးယားနိုင်ငံ**

၃၁။ ကမ္ဘောဒီးယားနိုင်ငံတွင် မူပိုင်ခွင့်နှင့်ဆက်စပ်သည့်ဥပဒေကို ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက် နေ့တွင် အတည်ပြုခဲ့ပါသည်။ ထိုမူပိုင်ခွင့်ဥပဒေသည် အောက်ပါအချက်များကိုကာကွယ်ပေးပါသည်-

(က) ဖတ်စာအုပ်အမျိုးအစားအားလုံး၊ သို့မဟုတ် အခြားစာပေ၊ သိပ္ပံပညာနှင့် ပညာရေး ဆိုင်ရာအချက်အလက်များ၊

**24** **INTELLECTUAL PROPERTY CODE OF THE PHILIPPINES, see available :** http://www.chanrobles.com/legal7copyright.htm: accessed date: 3.1.2018

(ခ) ဟောပြောချက်များ၊ မိန့်ခွန်းများ၊ တရားဒေသနာကျမ်းများ၊ နှုတ် သို့မဟုတ် စာဖြင့် ရေးသားထားသော အသနားခံစာ၊ အဆိုအချေများနှင့် အလားတူလုပ်ငန်းများ၊

(ဂ) ပြဇာတ်ဆိုင်ရာလုပ်ငန်းများနှင့် တေးဂီတဆိုင်ရာလုပ်ငန်းများ၊

(ဃ) ရှေးရိုးစဉ်လာအက၊ ခေလှထုံးစံအက၊ ခေတ်ပေါ်အက စသည်ကကွက်စီစဉ်ဖန်တီးမှု လုပ်ငန်းများ၊

(င) ဆပ်ကပ်ပွဲပြသခြင်းနှင့် ပြက်လုံးများပြသသည့် သရုပ်ဖော်ပြဇာတ်များ၊

(စ) စာလုံးပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ တေးဂီတဆိုင်ရာလုပ်ငန်းများ၊

(ဆ) ရုပ်သံလုပ်ငန်းများ၊

(ဇ) ပန်းချီဆွဲခြင်း၊ တံဆိပ်ထုခြင်း၊ ပန်းပုထုခြင်း သို့မဟုတ် အခြားဆက်စပ်သော အနုပညာ လုပ်ငန်းများ၊

(ဈ) ဓါတ်ပုံပညာလုပ်ငန်းများ၊ သို့မဟုတ် ဓါတ်ပုံနှင့်ဆက်နွယ်သည့် ဆင်တူနည်းပညာ ဆိုင်ရာလုပ်ငန်းများ၊

(ည) ဗိသုကာပညာလက်ရာများ၊

(ဋ) မြေပုံ၊ အစီအစဉ်၊ စီမံကိန်းများ၊ ပုံကြမ်း သို့မဟုတ် အခြားဆက်စပ်သည့် ပထဝီဆိုင်ရာ၊ မြေမျက်နှာသွင်ပြင်ဆိုင်ရာ သို့မဟုတ် အခြားသိပ္ပံပညာရပ်ဆိုင်ရာများ၊

(ဌ) ကွန်ပျူတာစီမံကိန်းများနှင့် ဒီဇိုင်းများ၊ စွယ်စုံကျမ်းနှင့် ထိုစီမံကိန်းများနှင့် ဆက်စပ် သော အချက်အလက်များ၊

(ဍ) လက်မှုပညာဖြင့် ပြုလုပ်ထားသောထုတ်ကုန်များ၊ အခြားအဝတ်အထည်ဆိုင်ရာ ဖက်ရှင် ဒီဇိုင်းများ သို့မဟုတ် လက်မှုပစ္စည်းထုတ်ကုန်များ။

၃၂။ မူပိုင်ခွင့်ကာလစတင်ခြင်းသည် အချိန်တိုအတွင်း လုပ်ငန်းအားဖန်တီးခဲ့သူအပေါ် ကာကွယ်ခြင်း ဖြစ်သည်။ ကိုယ်ကျင့်တရားဆိုင်ရာအခွင့်အရေးများသည် ထာဝရအတွက်ဖြစ်ပြီး မူလဖန်တီးသူ၏ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သူတို့၏အမွေဆက်ခံခွင့်ဆိုင်ရာအထိဖြစ်သည်။ စီးပွားရေးဆိုင်ရာ အခွင့်အရေးများသည် စာပေလက်ရာရှင်၏ပုံစံအပေါ်တွင်မူတည်သည်။

(က) မူလဖန်တီးသူသည် တစ်ဦးတည်းဖြစ်ပါက မူလဖန်တီးသူ၏ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သူသေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ အထိဖြစ်သည်။

(ခ) မူလဖန်တီးသူများသည် တစ်ဦးထက်ပိုပါက နောက်ဆုံးကျန်ခဲ့သည့် ဖန်တီးသူ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သူသေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ အထိဖြစ်သည်။

(ဂ) အမည်မဖော်လိုသူ၊ ကလောင်အမည်ခံရေးသားသူ၊ စုပေါင်းရေးခြင်း၊ ရုပ်သံနှင့် စာရေးသူကွယ်လွန်ပြီးမှ ထုတ်ဝေခြင်းစသည်တို့ကို ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ထိုကဲ့သို့ပြုလုပ်ခြင်းသည် နှစ်ပေါင်း ၅၀ အတွင်း ထုတ်ဝေခြင်းဖြစ်ရမည်ဖြစ်ပြီး၊ ပုံနှိပ်ထုတ်ဝေသည့်နှစ်၏ ပြက္ခဒိန်နှစ်ကုန်ဆုံးပြီးနောက် နှစ်ပေါင်း ၇၅ နှစ်အထိ ဖြစ်သည်။

(ဃ) အမည်မဖော်လိုသူ၊ ကလောင်အမည်ခံရေးသားသူ၊ စုပေါင်းရေးခြင်း၊ ရုပ်သံနှင့် စာရေးသူကွယ်လွန်ပြီးမှထုတ်ဝေခြင်းလုပ်ငန်းများသည် ထိုကဲသို့ပြုလုပ်ခြင်းကို နှစ်ပေါင်း ၅၀ အတွင်း ထုတ်ဝေခြင်းမပြုလုပ်ခဲ့ပါက စတင်ထုတ်ဝေပြုလုပ်သည့်နှစ်၏ ပြက္ခဒိန်နှစ်ကုန်ဆုံးပြီးနောက် နှစ်ပေါင်း ၁၀၀ အထိဖြစ်သည်။[25]

၃၃။ မူလဖန်တီးသူများ၏လုပ်ငန်းများကို အောက်ပါအတိုင်းတွေ့ရပါသည်-

(က) ကမ္ဘောဒီးယားနိုင်ငံ၏ဥပဒေအရ ထင်ရှားစွာသီးခြားရပ်တည်တည်ထောင်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ၏နယ်နိမိတ်အတွင်းတွင် ရုံးချုပ်များကိုအခြေချခြင်းအပါအဝင် မူလဖန်တီးသူသည် ကမ္ဘောဒီးယားနိုင်ငံသား၊ သို့မဟုတ် ကမ္ဘောဒီးယားတွင် အခြေချနေထိုင်သူဖြစ်ရမည်၊

(ခ) ကမ္ဘောဒီးယားနိုင်ငံ၏နယ်စပ်တွင် ပထမဆုံးပုံနှိပ်ထုတ်ဝေခြင်းအပါအဝင် ပထမဆုံးပုံနှိပ်ထုတ်ဝေခြင်းကို ကမ္ဘောဒီးယားနိုင်ငံတွင်ပြုလုပ်ရပြီး နိုင်ငံ၏ပြင်ပတွင်ထုတ်ဝေပါက ရက်ပေါင်း ၃၀ အတွင်း ကမ္ဘောဒီးယားနိုင်ငံတွင်ထုတ်ဝေကာ ပြည်သူလူထုအားချပြရမည်၊

(ဂ) ရုပ်သံလုပ်ငန်းတွင် ထုတ်လုပ်သူသည် ကမ္ဘောဒီးယားနိုင်ငံသား သို့မဟုတ် ကမ္ဘောဒီးယားတွင် အခြေချနေထိုင်သူဖြစ်ရမည်၊

(ဃ) ဗိသုကာလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံတွင် တည်ထောင်ခြင်းဖြစ်ရမည်ဖြစ်ပြီး အခြားအနုပညာလုပ်ငန်းများသည် ကမ္ဘောဒီးယားနိုင်ငံအတွင်း အခြေစိုက်ထားသော ဖွဲ့စည်းပုံ၊ သို့မဟုတ် တည်ဆောက်ခြင်းနှင့်ချိတ်စပ်ထားသော လုပ်ငန်းဖြစ်ရမည်၊

---

**25** BNG LEGAL:Copyright law in Cambodia:September 2012,see available : http://bnglegal.com/wp-content/uploads/2013/04/Copyright-Law-in-Cambodia.pdf ,accessed date : 5.1.2018

( င) ကမ္ဘောဒီးယားနိုင်ငံအတွက် လုပ်ငန်းများသည် နိုင်ငံတကာစာချုပ်စာတမ်းအရ အကာအကွယ်ရရန် တာဝန်ရှိရမည်။[26] (အလွတ်သဘောဘာသာပြန်ခြင်း)

## အရှေ့တောင်အာရှနိုင်ငံ (၅) နိုင်ငံတို့၏ မူပိုင်ခွင့်နှင့်ပတ်သက်၍ ပြစ်ဒဏ်ပမာဏများ

၃၄။ အရှေ့တောင်အာရှနိုင်ငံများ ၅ နိုင်ငံတို့တွင်တွေ့ရသော မူပိုင်ခွင့်နှင့်ပတ်သက်၍ပြစ်ဒဏ် အမျိုးအစားနှင့်ပမာဏများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-[27]

| စဉ် | အမည် | ထောင်ဒဏ် | | ငွေဒဏ် | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အနည်းဆုံး | အများဆုံး | အနည်းဆုံး | အများဆုံး | |
| ၁ | မြန်မာနိုင်ငံ | ၆ လ | ၁၀ နှစ် | ၁,၀၀၀,၀၀၀ | ၅၀,၀၀၀,၀၀၀ | ကျပ် |
| ၂ | ကမ္ဘောဒီးယားနိုင်ငံ | ၁ လ | ၁၂ လ | ၁,၀၀၀,၀၀၀ | ၂၅,၀၀၀,၀၀၀ | ရီးယလ်(Riel) |
| ၃ | ဖိလစ်ပိုင်နိုင်ငံ | ၁ နှစ် | ၉ နှစ် | ၅၀,၀၀၀ | ၁,၅၀၀,၀၀၀ | ပီဆို |
| ၄ | မလေးရှားနိုင်ငံ | ၅ နှစ် | ၂၀ နှစ် | ၂,၀၀၀ | ၅၀၀,၀၀၀ | ရင်းဂစ် |
| ၅ | ထိုင်းနိုင်ငံ | ၃ လ | ၄ နှစ် | ၂၀,၀၀၀ | ၈၀၀,၀၀၀ | ဘတ် |

## တရုတ်ပြည်သူ့နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတွင်တွေ့ရသောမူပိုင်ခွင့်ဆိုင်ရာများ

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

၃၅။ ဤဥပဒေတွင် ဖော်ပြသောလုပ်ငန်းများသည် စာပေလုပ်ငန်း၊ အနုပညာလုပ်ငန်း၊ သဘာဝဆိုင်ရာသိပ္ပံပညာရပ်၊ လူမှုရေးသိပ္ပံပညာရပ်၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာနည်းပညာနှင့် ဖော်ပြထားသောပုံစံများပါဝင်သည်-

(က) စာရေးသားခြင်းလုပ်ငန်း၊

(ခ) နှုတ်ဖြင့်အသုံးပြုလုပ်ငန်း၊

---

26 LAW ON COPYRIGHTS AND RELATED RIGHTS, see available: http://www.cambodiainvestment.gov.kh/law-on-the-copyright-and-related-rights_030213.html, accessed date: 5.1.2018

27 See available:စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း(မူကြမ်း)
See available:http://www.cambodiainvestment.gov.kh/law-on-the-copyright-and-related-rights_030213.htmlaccessed date: 24.1.2018
See available:http://www.lawphil.net/statutes/repacts/ra1997/ra_8293_1997.html accessed date: 24.1.2018
See available:http://www.commonlii.org/my/legis/consol_act/ca1987133/ accessed date: 24.1.2018
See available:http://www.wipo.int/wipolex/en/text.jsp?file_id=129762 accessed date: 24.1.2018

(ဂ) ဇာတ်ဂီတဆိုင်ရာ၊ ပြဇာတ်ဆိုင်ရာ၊ ဟာသပြက်လုံး၊ အကပညာနှင့် ကျွမ်းဘားကစားခြင်း စသောအနုပညာလုပ်ငန်းများ၊

(ဃ) အနုပညာလုပ်ငန်းနှင့် ဗိသုကာပညာရပ်၊

(င) ဓါတ်ပုံပညာလုပ်ငန်း၊

(စ) ရုပ်သံလုပ်ငန်းနှင့် ရုပ်သံကဲ့သို့ဖန်တီးထားသောလုပ်ငန်းများ၊

(ဆ) အင်ဂျင်နီယာဒီဇိုင်းလုပ်ငန်းနှင့် ဒီဇိုင်းထုတ်ခြင်း၊ မြေပုံများ၊ ပုံကြမ်းများနှင့် အခြားပုံနှိပ်ခြင်း၊ ရေးဆွဲခြင်းဆိုင်ရာအတတ်ပညာ၊

(ဇ) ကွန်ပျူတာစနစ်များ၊

(ဈ) ဥပဒေနှင့်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင်ပါဝင်သော အခြားလုပ်ငန်းများ။

၃၆။ မူပိုင်ခွင့်ပိုင်ရှင်ဆိုသည်မှာ (က) မူလဖန်တီးသူများ (ခ) ဤဥပဒေအရမူပိုင်ခွင့်ရရှိသော အဖွဲ့အစည်းများ၊ ဥပဒေအရ ပိုင်ဆိုင်ခွင့်ရှိသူများနှင့် အခြားနိုင်ငံသားများ၊ မူပိုင်ခွင့်တွင် အောက်ပါ ပုဂ္ဂလိကဆိုင်ရာအခွင့်အရေးနှင့် ပစ္စည်းပိုင်းဆိုင်ရာအခွင့်အရေးများပါဝင်ပါသည်-

(က) ပုံနှိပ်ထုတ်ဝေခွင့်၊

(ခ) မူလဖန်တီးသူ၏အမည်ဖြင့်ဖော်ပြစေခြင်းစသော မူလလက်ရာရှင်၏ တောင်းဆိုနိုင်သည့် အခွင့်အရေး၊

(ဂ) ပြောင်းလဲပြင်ဆင်ခွင့်၊

(ဃ) တစ်စုံတစ်ဦးက လုပ်ငန်းကို ပုံဖျက်ခြင်းနှင့် ဖျက်ဆီးခြင်းပြုလုပ်သည်ကို ကာကွယ်ရန် အခွင့်အရေး၊

(င) မူပွားခွင့်၊

(စ) ရောင်းချခြင်း၊ လှူဒါန်းခြင်းတို့အတွက် မူရင်းကိုဖြစ်စေ၊ မိတ္တူကိုဖြစ်စေ ဖြန့်ဝေခွင့်၊

(ဆ) ရုပ်သံလုပ်ငန်းနှင့်အလားတူ အနုပညာလုပ်ငန်းစသည့်လုပ်ငန်းများအတွက် အငှားချပေးခွင့်၊

(ဓ) ရုပ်သံလုပ်ငန်းနှင့်အလားတူ အနုပညာလုပ်ငန်း စသည့်လုပ်ငန်းများအတွက် မူရင်းကို ဖြစ်စေ၊ မိတ္တူကိုဖြစ်စေ ပြည်သူလူထုထံ ခင်းကျင်းပြသခွင့်၊

(ဈ) ပြည်သူလူထုရှေ့မှောက်တွင် သရုပ်ပြသခွင့်၊

(ည) အနုပညာလုပ်ငန်း၊ ဓါတ်ပုံလုပ်ငန်း၊ ရုပ်သံလုပ်ငန်း၊ ရုပ်သံလုပ်ငန်းကဲ့သို့သော လုပ်ငန်းများအတွက် ပြသခြင်းကဲ့သို့သောနည်းပညာများ၊

(ဋ) ပြည်သူလူထုထံသို့ အသံဖြင့်ဖြစ်စ၊ ပုံရိပ်ဖြင့်ဖြစ်စေ၊ ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ ရောက်ရှိစေရန်အသံလွှင့်ခွင့်၊

(ဌ) သတင်းအချက်အလက်များကို ဖြန့်ဖြူးပိုင်ခွင့်၊

(ဍ) ရုပ်ရှင်ဖြစ်စေ၊ ရုပ်ရှင်လုပ်ငန်းကဲ့သို့ဖြစ်စေ ထုတ်လုပ်ပိုင်ခွင့်၊

(ဎ) မူရင်းကို သင့်လျော်အောင် အလိုက်သင့်ပြောင်းလဲပိုင်ခွင့်၊

(ဏ) ဘာသာပြန်ဆိုပိုင်ခွင့်၊

(တ) ကျမ်းပြုစုပိုင်ခွင့်၊

(ထ) မူပိုင်ခွင့်ပိုင်ရှင်များ၏ဆန္ဒအလျောက် သေတမ်းစာတွင်ပါဝင်သော အခွင့်အရေးများ။

၃၇။ မူလလက်ရာရှင်အခွင့်အရေးများ၊ မူလလက်ရာရှင်၏ပြောင်းလဲပြင်ဆင်မှုနှင့် ရိုးသားဖြောင့်မတ်မှုတို့သည် အချိန်ကာလအားဖြင့် ကန့်သတ်ထားခြင်းမရှိပါ။

၃၈။ နိုင်ငံသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ ပုံနှိပ်ထုတ်ဝေခွင့်ကာကွယ်ခြင်းသက်တမ်းသည် မူလလက်ရာရှင်၏ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သူသေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ အထိဖြစ်သည်။ မူလလက်ရာရှင်သေဆုံးသည့်နှစ်၏ ဒီဇင်ဘာ ၃၁ ရက်နေ့မှစပြီး နှစ်ပေါင်း ၅၀ ကျော်မှ ခံစားခွင့်သက်တမ်းကုန်ဆုံးပါသည်။ ပူးတွဲမူလလက်ရာရှင်များနှင့်ပတ်သက်၍ နောက်ဆုံးကျန်နေခဲ့သောသူ သေဆုံးပြီးသည့်နှစ်၏ ဒီဇင်ဘာ ၃၁ ရက်နေမှစ၍နှစ်ပေါင်း ၅၀ ကျော်မှခံစားခွင့်ကုန်ဆုံးမည်။ သို့ရာတွင် လုပ်ငန်းတစ်ခုအားဖန်တီးပြီးနောက် နှစ်ပေါင်း ၅၀ အတွင်း ပုံနှိပ်ထုတ်ဝေခြင်းမပြုခဲ့ပါလျှင် ဤဥပဒေက အကာကွယ်ပေးမည်မဟုတ်ပါ။[28](အလွတ်သဘောဘာသာပြန်ခြင်း)

---

**28** Copyright Law of the People's Republic of China (2010),see available: https://en.wikisource.org/wiki/Copyright_Law_of_the_People%27s_Republic_of_China_(2010), accessed date: 5.1.2018

## အမေရိကန်ပြည်ထောင်စု

၃၉။ အမေရိကန်နိုင်ငံပြည်ထောင်စု၏ မူပိုင်ခွင့်ဥပဒေပုဒ်မ ၁၀၂ အရ မူပိုင်ခွင့်ကာကွယ်ခြင်းတွင် ယခုမြင်ရသည်ဖြစ်စေ နောက်မှပြသမည်ဖြစ်စေ ၎င်းတို့ကိုအမြင်အာရုံဖြင့်နားလည်နိုင်သည် သို့မဟုတ် ပြန်လည်ပြုလုပ်နိုင်သည်၊ သို့မဟုတ် အခြားနည်းဖြင့်ဆက်သွယ်ခြင်းစသည်တို့ကို တိုက်ရိုက်အားဖြင့် သော်လည်းကောင်း၊ စက်ပစ္စည်းဖြင့်သော်လည်းကောင်း၊ ရှင်းလင်းစွာဖော်ပြထားချက်ဖြင့် မူလလက်ရာရှင်၏ မူလလုပ်ငန်းကိုသတ်မှတ်ပါသည်။ ဥပဒေက မူလလက်ရာရှင်၏လုပ်ငန်းများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

(က) စာပေလုပ်ငန်း၊

(ခ) စကားလုံးဖြင့်ပေါင်းစပ်ဖော်ပြခြင်းအပါအဝင် တေးဂီတလုပ်ငန်း၊

(ဂ) တေးဂီတဖြင့်ပေါင်းစပ်ခြင်းအပါအဝင် ပြဇာတ်လုပ်ငန်း၊

(ဃ) ပုံပြင်အခြေခံသည့် စင်တင်ပြဇာတ်နှင့် ဘဲလေးအက၊

(င) ရုပ်ပုံများဖြင့်ဖော်ပြခြင်း၊ ပန်းပုပညာ၊ ရေးဆွဲခြင်း၊

(စ) ရွေ့ပြောင်းပြသသောပန်းချီကားများနှင့် အခြားရုပ်မြင်သံကြားလုပ်ငန်း၊

(ဆ) အသံသွင်းလုပ်ငန်းများ။

၄၀။ ယခင်ကမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်ကာကွယ်ခြင်းကို ၂၈ နှစ်မှ အများဆုံး ၅၆ နှစ်အထိ သတ်မှတ်ထားခဲ့ပါသည်။ သို့ရာတွင် ၁၉၇၆ ခုနှစ်ဥပဒေတွင် မူပိုင်ခွင့်သက်တမ်းကို တိုးမြှင့်ထားပါသည်။ မူပိုင်ခွင့်သက်တမ်းတိုးမြှင့်သည့်ဥပဒေပုဒ်မ ၃၀၂ အရ မူပိုင်ခွင့်ကို မူလဖန်တီးသူ၏ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သူသေဆုံးပြီးနောက်နှစ်ပေါင်း ၅၀ အထိ သတ်မှတ်ထားပါသည်။ ဆက်လက်၍ အမည်မဖော်လိုသူ၊ ကလောင်အမည်သာဖော်ပြထားသူနှင့် လုပ်ငန်းအတွက်ငှားထားခြင်း စသည်တို့အတွက် စတင်ပုံနှိပ်ထုတ်ဝေသည့်နှစ်မှစ၍ ၇၅ နှစ်အထိ သက်တမ်းတိုးမြှင့်ထားပါသည်။ ၁၉၇၈ ခုနှစ်မတိုင်မီအချိန်ထိ ပြည်သူလူထုနှင့်ဆိုင်သောနေရာသို့ ထိရောက်ခြင်းမရှိခဲ့သော်လည်း လုပ်ငန်းများအတွက် သက်တမ်းတိုးမြှင့်ခြင်းတွင် ၂၈ နှစ်မှ ၄၇ နှစ်အထိ သက်တမ်းတိုးမြှင့်ခဲ့ပြီး စုစုပေါင်း ၇၅ နှစ်အထိတိုးမြှင့်ခဲ့ပါသည်။ ၁၉၉၈ခုနှစ်၊ မူပိုင်ခွင့်ကာလတိုးမြှင့်ခြင်းဥပဒေသည် အထွေထွေ မူပိုင်ခွင့်အတွက် မူလဖန်တီးသူ၏အသက်ရှင်နေစဉ်ကာလပတ်လုံးအပါအဝင် ၇၀ နှစ်အထိ မူပိုင်ခွင့် ကာကွယ်ခြင်းကိုသက်တမ်းတိုးမြှင့်ခဲ့ပြီး စတင်ပုံနှိပ်ထုတ်ဝေသည့်နေမှစ၍ ၉၅ နှစ်အထိ၊ သို့မဟုတ် စတင်ဖန်တီးသည့်နေမှစ၍ နှစ်ပေါင်း ၁၂၀ အထိ သတ်မှတ်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်မတိုင်မီ လုပ်ငန်း

များ မူပိုင်ခွင့်သည် အမျိုးမျိုးသောအချက်အလက်အပေါ်တွင်မူတည်ပြီး ကာကွယ်ခွင့်ကာလကို သတ်မှတ်ပါသည်။ [29](အလွတ်သဘောဘာသာပြန်ခြင်း)

## ၁၉၁၄ ခုနှစ်၊ The Burma Copy right Act အရ မူပိုင်ခွင့်သက်တမ်း




၄၁။ ၁၉၁၄ခုနှစ်၊ မြန်မာနိုင်ငံ၏မူပိုင်ခွင့်အက်ဥပဒေ အရ မူပိုင်ခွင့်၏သက်တမ်းမှာ ဤအက်ဥပဒေတွင် ဖော်ပြထားသော အခြားအချက်များမှအပ မူပိုင်ခွင့်၏ သက်တမ်းသည် စာရေးဆရာ/ လက်ရာရှင်/ ဖန်တီးသူ၏ အသက်ရှင်နေစဉ်ကာလပတ်လုံးနှင့် သူသေဆုံးပြီးနောက် နှစ်ပေါင်း ၅၀ ကာလအထိ ဖြစ်ရမည်။ [30] (အလွတ်သဘော ဘာသာပြန်ဆိုခြင်း)

## စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇)အရ မူပိုင်ခွင့်သက်တမ်း

၄၂။ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇)အရ စာပေအနုပညာလက်ရာများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိစေကာမူ-

(က) စီးပွားရေးဆိုင်ရာအခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် အောက်ပါအတိုင်းဖြစ်သည်-

(၁) မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့် နေ့ရက်မှ နှစ် ၅၀၊

(၂) ပူးတွဲမူလလက်ရာရှင်၏ စာပေအနုပညာလက်ရာဖြစ်ပါက နောက်ဆုံး မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ၎င်းကွယ်လွန်ပြီးသည့်နေ့ရက်မှ နှစ် ၅၀၊

(၃) အသုံးချအနုပညာလက်ရာမှတစ်ပါး အခြားစုပေါင်းလက်ရာနှင့် အရုပ်အသံလက်ရာတို့ဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့သိရှိစေရန် ပထမအကြိမ်စတင်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ပထမအကြိမ်ထုတ်ဝေခြင်း တစ်ရပ်ရပ်အနက် နောက်ကျရာနေ့ရက်မှ နှစ် ၅၀၊

---

29 Copyright Act of 1976,See available :https://en.wikipedia.org/wiki/Copyright_Act_of_1976, accessed date:12.1.2018

30 Burma Code X, THE BURMA COPY RIGHT ACT,Part I,Imperial Copyright Rights, Section 3,page-332

(၄) အမည်မဖော်ပြဘဲဖြစ်စေ၊ အမည်ဝှက်၊ အမည်ပွားဖြင့်ဖြစ်စေ ထုတ်ဝေပြီးဖြစ်သည့် စာပေအနုပညာလက်ရာဖြစ်ပါက စတင်ဖန်တီးခြင်း၊ အများပြည်သူသို့ သိရှိစေရန် ပထမအကြိမ်စတင်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ပထမအကြိမ် ထုတ်ဝေခြင်းတစ်ရပ်ရပ်အနက် နောက်ကျရာနေ့ရက်မှ နှစ် ၅၀၊ သို့ရာတွင် အဆိုပါ သက်တမ်းမကုန်ဆုံးမီ မူလလက်ရာရှင်သည် မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားခဲ့ပြီးဖြစ်ပါက ဤပုဒ်မခွဲ၏ ပုဒ်မခွဲငယ် (၁)နှင့် (၉၂)တို့တွင် ဖော်ပြသည့် ကာလ၊

(၅) အစိုးရဌာန၊ အဖွဲ့အစည်း၏ စာပေအနုပညာလက်ရာဖြစ်ပါက ယင်းအစိုးရဌာန၊ အဖွဲ့အစည်းသည် ပထမမူပိုင်ခွင့်ပိုင်ရှင်အဖြစ် စာပေအနုပညာလက်ရာကို စတင် ဖန်တီးခြင်း၊ အများပြည်သူသို့သိရှိစေရန် ပထမအကြိမ်စတင်ဆောင်ရွက်ခြင်း၊ သို့မဟုတ် ပထမအကြိမ်ထုတ်ဝေခြင်းတစ်ရပ်ရပ်အနက် နောက်ကျရာနေ့ရက်မှ နှစ် ၅၀၊

(၆) ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့် နေ့ရက်မှ အကန့်အသတ်မရှိကာလအထိ ဖြစ်သည်။

(ခ) ကိုယ်ကျင့်သိက္ခာဆိုင်ရာအခွင့်အရေးအတွက် အကာအကွယ်ပေးမှုသက်တမ်းသည် မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလအပြင် ကွယ်လွန်ပြီးသည့်နေ့ရက်မှ အကန့် အသတ်မရှိကာလအထိဖြစ်သည်။

(ဂ) ပုဒ်မခွဲ(က)ပါကုန်ဆုံးမည့်ကာလသက်တမ်းကို အခြားနည်းဖြင့်ဖော်ပြထားခြင်းမရှိပါက ထိုသက်တမ်းကုန်ဆုံးမည့်နှစ်တစ်နှစ်၏ နောက်ဆုံးနေ့ရက်အထိ ဖြစ်သည်။ [31]

## ပညာရှင်များ၏ မူကြမ်းအပေါ်အကြံပြုသုံးသပ်ချက်များ

၄၆။ **ဦးမောင်မောင်ဝင်း (မြန်မာနိုင်ငံဂီတအစည်းအရုံးအကြံပေး)**က စာပေနှင့်အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်းအပေါ် အောက်ပါအတိုင်းအကြံပြုထားပါသည်- [32]

"မူပိုင်ခွင့်စနစ်သည် (၂)ပိုင်းခွဲထားပါသည်။ (က) စာပေအနုပညာမူပိုင်ခွင့်နှင့် (ခ) စက်မှုလက်မှု ဆိုင်ရာမူပိုင်ခွင့်(ကုန်အမှတ်တံဆိပ်၊တီထွင်မှု၊ စက်မှု ဒီဇိုင်း)ယင်းနှစ်ခုသည် သဘောသဘာဝကွဲပြား

**31** စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်း (၂၀၁၇ခုနှစ်)၊ ပုဒ်မ ၁၄

**32** ဦးမောင်မောင်ဝင်း(မြန်မာနိုင်ငံဂီတအစည်းအရုံးအကြံပေး)၊ စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေကြမ်းအကြံပြုတင်ပြချက်၊ ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်ရုံး။

ခြားနားပါသည်။ (က)မှာ မှတ်ပုံတင်ရန်မလိုပါ။ (ခ)မှာ မှတ်ပုံတင်မှသာ ကာကွယ်ပေးပါသည်။ မြန်မာနိုင်ငံ၌ ပြန်ကြားရေးဝန်ကြီးဌာန၌ မူလက စာပေစစ်ဆေးရေးဌာန၊ စာပေ၊ ဂီတအနုပညာများ စိစစ်ခဲ့ပြီး မှတ်တမ်းများ၊ ကျွမ်းကျင်ဝန်ထမ်းများ ရှိပြီးဖြစ်ပါသည်။ ယခုအခါ စာပေစိစစ်ဆေးရေး ဌာနကို မူပိုင်ခွင့်ဌာနဟု ပြောင်းလဲဖွဲ့စည်းပြင်ဆင်ထားပြီးဖြစ်ပါသည်။

မူပိုင်ခွင့်၌ ကာကွယ်မှုသက်တမ်းကာလကုန်ဆုံးပါက အများသုံးနယ် Public Domain သည် မူပိုင်ခွင့်ဘာသာ၌ မပါမဖြစ်သောစကားဖြစ်၍ အဓိပ္ပာယ်ဖွင့်ဆိုရန်လို၍ ဖြည့်စွက်သင့်ပါသည်။

ယင်းအခွင့်အရေးနှစ်မျိုးသည် ဥပဒေ၌ အခွင့်အရေးမတူခြင်း၊ ခြားနားမှုရှိခြင်း၊ ကာကွယ်မှု သက်တမ်းမတူခြင်းများကို နောက်ပိုင်း၌ဖော်ပြထားပါသဖြင့်၊ IP ဆိုင်ရာ အသုံးအနှုန်းဖြစ်၍ ဖြည့်စွက်သင့်ပါသည်။ အခန်း(၈)မူပိုင်ခွင့်ကာကွယ်မှုသက်တမ်းမှာ ခွဲခြားဖော်ပြထား၍ အဓိပ္ပာယ် ဖွင့်ရန်လိုပါသည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာအဖွဲ့ကြီး (WIPO) က (၁) ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက် များ(သို့မဟုတ်) ရိုးရာယဉ်ကျေးမှုဖော်ပြချက်များ(Traditional Cultural Expression-TCE)၊ (၂) ရိုးရာ ဓလေ့ဗဟုသုတ(Traditional Knowledge-TK.) ဟူ၍ ဘာသာရပ်နှစ်ခုခွဲခြားသတ်မှတ်ထားပါ သည်။ (၁)တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးရှိ၍ ရိုးရာပစ္စည်းဖော်ပြချက် နှင့် ရိုးရာဗဟုသုတများကို ကာကွယ်သင့်ပါသည်။ (၂)မကာကွယ်ပါက အိမ်နီးချင်းနိုင်ငံနှင့် အခြားနိုင်ငံများက ခိုးယူ၊ တုပမှုများ ဖြစ်နိုင်ပါသည်။

(WIPO)က ရိုးရာယဉ်ကျေးမှုဖော်ပြချက်များ(TCE)နှင့် ရိုးရာဗဟုသုတများ (TK) များကို ဆက်နွယ်သောအခွင့်အရေးများအောက်၌ ထည့်သွင်းထားပါသည်။ ပဒေါင်ရွာများနှင့် လည်ကွင်း စွပ်များ၊ ထိုင်းရောက်ကွယ်လွန်သောနေ့ရက်၊ စတင်ရေတွက်ရန် ကွယ်လွန်သောနေ့ရက်၊ သိရှိရန် ခက်ခဲသဖြင့် ကွယ်လွန်သောနှစ်၏ နောက်တစ်နှစ်မှစ၍ ရေတွက်ပါသည်။ (WIPO)

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှုနှင့် ဗဟုသုတကြွယ်ဝသောနိုင်ငံဖြစ်၍ ကာကွယ်ပေးသင့် ပါသည်။ အခွင့်အရေးပြဋ္ဌာန်းသင့်ပါသည်။ ကာကွယ်မှုသက်တမ်း အကန့်အသတ်မထားရှိသင့်ပါ။ မူပိုင်ရှင်မှာ သက်ဆိုင်ရာတိုင်းရင်းသားအစုအဖွဲ့များဖြစ်သင့်ပါသည်။

1961 Rome Convention အရ ထုတ်လွှင့်အဖွဲ့အစည်းများ၏အခွင့်အရေးများကို စတင် ထုတ်လွှင့်သည့်အချိန်မှစ၍(၂၀)နှစ်ဖြစ်ပါသည်။ 1994 TRIPs စာချုပ်အရ ထုတ်လွှင့်အဖွဲ့အစည်း များ၏အခွင့်အရေးများကို စတင်ထုတ်လွှင့်သည့်အချိန်မှစ၍ (၂၀)နှစ်ဖြစ်ပါသည်။ အနှစ် (၅၀) မသတ်မှတ်သင့်ပါ။ အခြားကာကွယ်မှုသက်တမ်းအားလုံးမှာ စာချုပ်များနှင့်အညီ ပြဋ္ဌာန်းထားပြီး ယခု Boardcasting ကို(၂၀)နှစ်အစား (၅၀)နှစ်ထားခြင်းမှာ မသင့်ပါ။

မျှတသော အခကြေးငွေကို တစ်ကြိမ်ပေးဆောင်ရမည်ဟု ပြဋ္ဌာန်းချက်သည် မူပိုင်ရှင်များ၏ အခွင့်အရေးကို ဥပဒေဖြင့်ကန့်သတ်ရာရောက်ပါသည်။ အကြိမ်ကြိမ်အသုံးပြုပါက အသုံးပြုသော အကြိမ်အရ ပေးရပါမည်။ ယခုရုပ်သံလိုင်းများသည် လစဉ်အသုံးပြုသောအကြိမ်အရ မြန်မာနိုင်ငံဂီတ အစည်းအရုံးသို့ တစ်ပုဒ်လျှင်(၁၀၀၀ိ/-)နှုန်းပေးရပါသည်။

မျှတသည့်အခကြေးငွေကို ၃၉(က)အရ အသုံးပြုသူက တစ်ကြိမ်ပေးဆောင်သော အခကြေးငွေကို ထုတ်လုပ်သူနှင့်ဖျော်ဖြေသူ ထက်ဝက်စီခွဲယူရန် ဥပဒေဖြင့်မသတ်မှတ်သင့်ပါ။ မိမိတို့၏အနုပညာကြေးကို မိမိတို့သတ်မှတ်ခွင့်ရှိပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိခွဲဝေမှုမှာ အလွှာ(၅)လွှာ တေးရေး၊ တေးဆို၊ တီးဝိုင်း၊ အသံဖမ်း၊ ထုတ်လုပ်သူတို့အား အချိုးကျခွဲဝေပေးပါသည်။ ထုတ်လွှင့်သောအကြိမ်အပေါ် မူပိုင်ခပေးရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြစ်မှုဥပဒေများသည် နောက်ကြောင်းပြန်အကျိုးသက်ရောက်မှု မရှိသဖြင့် ထည့်သွင်းရန်မလိုပါ။ ထိုအချိန်က တည်ဆဲဥပဒေများဖြင့်ဆုံးဖြတ်ရမည်ဖြစ်၍ ထည့်သွင်းပြဋ္ဌာန်းရန်မလိုပါ။

အခြားတည်ဆဲဥပဒေများသည် အမြောက်အမြားရှိပါသည်။ ယင်းတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အလားတူပြစ်မှုဟုတ်မဟုတ် စိစစ်ရန်အခက်အခဲရှိပါသည်။ အငြင်းပွားဖွယ်ရာများလည်း ဖြစ်ပေါ်နိုင်ပါသည်။ ယတိပြတ်စဉ်းစားဆုံးဖြတ်ရန်လည်း ခက်ခဲပါသည်။ ဤဥပဒေထည့်သွင်းခြင်းဖြင့် ရှုပ်ထွေးမှုများဖြစ်ပေါ်နိုင်ပါသည်။ မူပိုင်ခွင့်ဥပဒေ(၄)မျိုးအရပင် ဥပဒေ(၂)ခု၊ (၃)ခုဖြင့် ကာကွယ်နိုင်ပါသည်။”

၄၇။ **အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း**က စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းအပေါ်အကြံပြုခြင်းများကို အောက်ပါအတိုင်းတွေ့ရပါသည်-[33]

(က) အခန်း(၁)၊ ပုဒ်မ၂(ခ)အရ ပညာရေးဝန်ကြီးဌာန၏မူလလုပ်ငန်းများနှင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စများသည် တိုက်ရိုက်ဆီလျော်သက်ဆိုင်ခြင်းမရှိဟု ယူဆပါသည်။ နောင်တစ်ချိန်တွင် သင့်တင့်လျောက်ပတ်သည့် ဝန်ကြီးဌာနတစ်ခုခုပေါ်ပေါက်လာပါက ဥပဒေကိုတစ်ဖန် ပြင်ဆင်ရန်မလိုအပ်ဘဲ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။

(ခ) အခန်း(၁)၊ ပုဒ်မ၂(စ)အရ ကိုယ်စားလှယ်ဆိုသည်မှာ အခွင့်ရမူပိုင်ခွင့်ကိုယ်စားလှယ် (Authorized IP Agent) ကိုဆိုလိုသည်။ ၎င်း၏အရည်အချင်းသတ်မှတ်ချက်ကို ASEAN နိုင်ငံအများတွင် မူလဥပဒေမှာပင် သတ်မှတ်ဖော်ပြသော်လည်း ယခုဥပဒေတွင် နည်းဥပဒေ၌လည်း ဖော်ပြနိုင်ပါသည်။

(ဂ) အခန်း(၃)၊ ပုဒ်မ ၄(က)အရ ပညာရေးဝန်ကြီးဌာန၏ မူလလုပ်ငန်းများနှင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စများသည် တိုက်ရိုက်ဆီလျော်သက်ဆိုင်ခြင်းမရှိဟု ယူဆပါသည်။ နောင်တစ်ချိန်တွင် သင့်တင့်

**33** အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း၊စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေကြမ်းအပေါ်အကြံပေးခြင်း၊ ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်ရုံး။

လျှောက်ပတ်သည့် ဝန်ကြီးဌာနတစ်ခုခုပေါ်ပေါက်လာပါက ဥပဒေကိုတစ်ဖန် ပြင်ဆင်ရန်မလိုအပ်ဘဲ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပါသည်။

(ဃ) အခန်း(၇)၊ ပုဒ်မ ၁၀(ဋ)အရ "အထည်အလိပ်နှင့် အဝတ်အစားဒီဇိုင်း"ဟု ဖြည့်စွက်သင့်ပါသည်။

(င) အခန်း(၈)၊ ပုဒ်မ ၁၄(ဂ)အရ System Update မြှင့်တင်ဆောင်ရွက်ခြင်းသည်လည်း မူလ စာပေအနုပညာလက်ရာဖြစ်ပါသည်။

(စ) အခန်း(၁၆)၊ အပိုဒ် ၅၃ အရ ဥပဒေ၏ ရေးထုံးဖြစ်ပါသည်။

(ဆ) အခန်း(၁၉)၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂(က)၊ အပိုဒ် ၆၃(က)၊ အပိုဒ် ၆၃(ခ)၊ အပိုဒ် ၆၄(က)နှင့် အပိုဒ် ၆၉ တို့အရ လက်ရှိအသုံးနှုန်းနှင့် ဆီလျော်မှုရှိစေရန် "အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်" ဟု ပြောင်းလဲရေးသားသင့်ပါသည်။

(ဇ) အခန်း(၁၉)၊ အပိုဒ် ၆၆ အရ လက်ရှိအသုံးနှုန်းနှင့် ဆီလျော်မှုရှိစေရန် "အကောက်ခွန် ညွှန်ကြားရေးမှူးချုပ်"ဟုလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနဟုလည်းကောင်း ပြောင်းလဲရေးသား သင့်ပါသည်။

(ဈ) အခန်း(၂၁)၊ အပိုဒ် ၇၂(က)(၁)အရ "အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့်"စကားလုံးအား ဖြည့်စွက်သင့်ပါသည်။ အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းအရ ကျသင့်ခွန်အရပ်ရပ်ကိုရှင်းလင်းပြီးမှသာ သွင်းကုန်ပစ္စည်းများအား ထုတ်ယူခွင့် ကို ရရှိမည်ဖြစ်ပါသည်။

(ည) အခန်း(၂၁)၊ အပိုဒ် ၇၂(က)(၃)အရ လက်ရှိအသုံးနှုန်းနှင့်ဆီလျော်မှုရှိစေရန် "အကောက်ခွန် ဦးစီးဌာန"ဟု ပြောင်းလဲရေးသားသင့်ပါသည်။

(ဋ) အခန်း(၂၁) အပိုဒ် ၇၃(က)(၂) အရ "တရားရုံး၏ သက်သေခံအထောက်အထားများကို ဖျက်ဆီးခံရမည့်အန္တရာယ်ကျရောက်မည်ဆိုသည်မှာ ဖြစ်နိုင်ချေမရှိပါ။ ပျက်ဆီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်းသာ ဖြစ်နိုင်ပါသည်။

(ဌ) အခန်း(၂၁) အပိုဒ် ၇၄(က)(၁) အရ "အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့်" စကားလုံးအား ဖြည့်စွက်သင့်ပါသည်။ အကောက်ခွန်ဌာန၏ ရေးထုံးကိုသုံး၍ ရေးသားသင့်ပါသည်။

(ဍ) အခန်း(၂၂) အပိုဒ် ၈၂ အရ "ကျပ်သိန်း ၅၀ အောက်မနည်းသော ငွေဒဏ်ကိုလည်း ချမှတ် နိုင်သည်"ဟု ပြောင်းလဲရေးသားသင့်ပါသည်။

## ပြည်သူလူထုတို့၏ မူပိုင်ခွင့်အပေါ်ထင်မြင်ချက်များ




၄၈။ သစ်ထူးလွင်၊ သတင်းနှင့်ဂျာနယ်၏ **"သတိပြုရတော့မည့်အိမ်နီးချင်း"**ဆောင်းပါးတွင် မူပိုင်ခွင့်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ထားပါသည်-

"တစ်ချိန်ကဆိုရှယ်လစ်ခေတ်မှသည် ယနေ့အထိ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားစဉ်က မြန်မာ့သယံဇာတအများစုသည် ထိုင်းနိုင်ငံသို့ မှောင်ခိုလမ်းကြောင်းမှတစ်ဆင့်ရောက်ရှိရာမှ နိုင်ငံတကာအမြင်တွင် ထိုင်းရိုးရာရှေးဟောင်းအမွေ အနှစ်များဟု ထင်မှတ်မှားခဲ့ရခြင်းများရှိပါသည်။ မူပိုင်ခွင့်ရရှိခြင်းသည် နိုင်ငံ၏ယဉ်ကျေးမှုတွင် သာမက အဘက်ဘက်တွင်အရေးကြီးပါသည်။ အားကစားဘက်တွင်လည်း မြန်မာ့ရိုးရာလက်ဝှေ့နှင့်ထိုင်းရိုးရာမွေ့ထိုင်းဟုခေါ်သော လက်ဝှေ့ကစားနည်းတို့သည် ကွာခြားမှုသိသာစွာမရှိသော်လည်း နိုင်ငံတကာကိုကျယ်ပြန့်အောင် လုပ်နိုင်မှုခြင်းမတူညီသည်ကို သတိပြုသင့်ပါသည်။ မိမိနိုင်ငံပိုင်မျိုးရင်းသဘာဝထွက်ကုန်များကို မူပိုင်ခွင့်မှတ်ပုံတင်နိုင်ရန် အရေးကြီးပါသည်။ မိမိနိုင်ငံပိုင်မျိုးရင်းဖြစ်ပါလျက်နှင့် အိမ်နီးချင်းနိုင်ငံက ပိုင်ဆိုင်နေသယောင် မှတ်ပုံတင်မူပိုင်ခွင့် လျှောက်ထားခဲ့ပါလျှင် မြန်မာတို့ဆုံးရှုံးနစ်နာစရာအများ ကြီးဖြစ်လာနိုင်ပါသည်။"[34]

၄၉။ **Myawady News** သတင်းစာမျက်နှာတွင် မြန်မာနိုင်ငံ၏လက်ရှိ မူပိုင်ခွင့်နှင့်ပတ်သက်၍ အောက်ပါအတိုင်း သုံးသပ်ထားပါသည်-

"ကမ္ဘာကျော် ကုန်ပစ္စည်းအမှတ်တံဆိပ်တီထွင်သူများအနေဖြင့် မြန်မာနိုင်ငံတွင် မူပိုင်ခွင့်တင်မည်ဆိုပါက မူပိုင်ခွင့်တင်သည့် ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာနည်းပညာများကို မြန်မာပြည်သူများအတွက် ၁၈ လကြာ လေ့လာမှုပေးရန် Patent Law တွင် ထည့်သွင်းရေးဆွဲနေကြောင်းသိရသည်။ ၁၉၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စာပေအနုပညာမူပိုင်ခွင့်ဥပဒေမှလွဲ၍ မြန်မာနိုင်ငံတွင် တီထွင်မှု၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်စသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်ဥပဒေများအား မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းနိုင်မှုမရှိခဲ့ဘဲ လက်ရှိတွင် တစ်ခုတည်းသာရှိသည့် စာပေအနုပညာမူပိုင်ခွင့်မှာလည်း ပြန်လည်ပြင်ဆင်ရန်လိုအပ်မှုများ ရှိနေကြောင်းသိရပါသည်။" ထို့အပြင် "ယခုရေးဆွဲနေသောမူပိုင်ခွင့်ဆိုင်ရာဥပဒေများထဲမှ Patent Law တွင် မူပိုင်ခွင့်တင်သူများအတွက် အနှစ် ၂၀ ပိုင်ဆိုင်ခွင့်ပေးထားကြောင်း၊ နှစ် ၂၀ ကျော်လွန်ပါက တီထွင်သူပိုင်မဟုတ်တော့ဘဲ မြန်မာပြည်သူပိုင်ဖြစ်ကြောင်း၊ နိုင်ငံတကာကမ္ဘာကျော်ကုန်ပစ္စည်းများလာပါကလည်း ကုန်ပစ္စည်းထုတ်လုပ်သောနည်းပညာကို မြန်မာ

**34** သစ်ထူးလွင်၊သတင်းနှင့်ဂျာနယ်၊သတိထားရတော့မည့်အိမ်နီးချင်း၊ see available:http://journals.thithtoolwin.com/2013/12/blog-post_6301.html, accessed date: 11.1.2018

ပြည်သူများအတွက် ၁၈ လကြာလေ့လာခွင့်ပေးရမည်ဖြစ်ကြောင်း” ဒေါက်တာနှင်းနွယ်အေးက ပြောကြားခဲ့ပါသည်။[35]

## နိဂုံး

၅၀။ စာပေ၊ ရုပ်ရှင်၊ ဂီတစသည့်အနုပညာရပ်များသည် လူသားများနှစ်သက်မြတ်နိုးကြသည်နှင့်အမျှ လူ့အဖွဲ့အစည်းအပေါ်တွင်လည်း လွှမ်းမိုးသက်ရောက်မှုကြီးမားပါသည်။ အထူးသဖြင့် စာပေသည် လူတို့၏စိတ်နှလုံးများကို ပြုပြင်ပြောင်းလဲစေနိုင်သကဲ့သို့ လူအများကို အသိပညာဗဟုသုတနှင့် ဉာဏ်အမြော်အမြင်များတိုးပွားအောင်လည်း ဖန်တီးပေးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် တိုင်းပြည်တစ်ပြည်၏ စာပေကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် ၎င်းတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြီးမားစွာအထောက်အကူပြုနိုင်ပါသည်။[36] မူပိုင်ခွင့်ဥပဒေဆိုသည်မှာ ကိုယ့်အကျိုးစီးပွားကိုကာကွယ်ပေးသကဲ့သို့ သူ့အကျိုးစီးပွားကိုလည်း ကာကွယ်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဉာဏပစ္စည်းထုတ်လုပ်သူများဖြစ်သော အနုပညာလောကသားများသိရန်လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများလည်းသိရန်လိုအပ်ပါသည်။ ယခုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်လိုအပ်လျက်ရှိသည့် မူပိုင်ခွင့်နှင့်ပတ်သက်သောဥပဒေများကို ပြဋ္ဌာန်းပေးတော့မည်ဖြစ်ရာ ပြည်သူများနှင့်သင့်လျော်သော ဥပဒေတစ်ရပ်ဖြစ်ပေါ်လာစေရန်အလို့ငှာ ဥပဒေကြမ်းအားဆွေးနွေးကြရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်လျက် ဤစာတမ်းတိုအား ရေးသားပြုစုတင်ပြအပ်ပါသည်။

35 Myawady News, see available : http://myawadynews.blogspot.com/2013/12/patent-law.html, accessed date: 11.1.2018

36 “စာပေညီလာခံ(၂၀၁၇)သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သည့်သဝဏ်လွှာ”မှ ကောက်နုတ်ချက်၊ မြန်မာ့အလင်းသတင်းစာ၊၂၀၁၇ခုနှစ်၊ဒီဇင်ဘာလ ၁၃ရက်၊ စာ-၁